# အားလုံးအကျုံးဝင် သက်ဆိုင်သည့် အမျိုးသားရေးလက္ခဏာအတွက် တိုက်ပွဲဝင်ရာတွင် ပေါ်ပေါက်လာသည့် အတွင်းပဋိပက္ခများ

ဇွန်လ၊ ၂၀၂၂ ခုနှစ်

အမှီအခိုကင်းသော
သုတေသန
ကွန်ရက်

## စာတမ်းအကျဉ်း

မြန်မာ့အာဏာသိမ်းဆန့်ကျင်ရေး လူထုအုံကြွမှုသည် မတူကွဲပြားသည့် အစုအဖွဲ့များမှ ပုဂ္ဂိုလ်များအား စစ်တပ်ကိုဆန့်ကျင်ရာတွင် အတူတကွ ပေါင်းစည်းစေခဲ့သည်။ ၎င်းပုဂ္ဂိုလ်များသည် ညီညွတ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ အကြိတ်အနယ် ငြင်းခုံလျက်ရှိကြသည်။ ဆိုရှယ်မီဒီယာပေါ်ရှိ အဆိုပါ အချေအတင်ငြင်းခုံမှုများအရ ၎င်းပုဂ္ဂိုလ်တို့သည် ညီညွတ်ရေး ရယူရာတွင် “ရန်သူ၏ ရန်သူသည် မိတ်ဆွေဖြစ်သည်” ဟူသည့် ရေတိုနိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုမျိုးကို ကျော်လွန်ကာ နိုင်ငံရေးစံတန်ဖိုးများ တူညီသည့် အခြေအနေသို့ရောက်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း ဖော်ပြလျက်ရှိသည်။ သို့သော် အဆိုပါ ဘုံစံနှုန်းတူ အခြေအနေတစ်ရပ်ကို ကြိုးပမ်းဖန်တီးရာတွင်  ၎င်းပုဂ္ဂိုလ်တို့သည် တော်လှန်ရေးကို မည်သို့လုပ်ဆောင်သင့်သည်၊ တော်လှန်ရေးအောင်မြင်သည့်အခါ နိုင်ငံတော်အတွက် မည်သည့်မျှော်မှန်းချက်များ ထားရှိသင့်သည်တို့နှင့် စပ်လျဉ်းပြီး အက်ကြောင်းများကို ဖန်တီးမိခဲ့ကြသည်။ ယခုအစီရင်ခံစာတွင် ဝေဖန်ဆွေးနွေးမှုဆိုင်ရာ အကြောင်းခြင်းရာ ငါးရပ်ကို အခြေခံကာ အဆိုပါ အချေအတင်ငြင်းခုံမှုများကို တင်ပြထားပါသည်။ ၎င်းတို့မှာ လူထုအုံကြွမှုအား မည်ကဲ့သို့ ဆောင်ရွက်ရမည်နှင့်ပတ်သက်၍ နည်းဗျူဟာဆိုင်ရာ အငြင်းပွားမှုများ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် လက်တွေ့ပခါန ဝါဒအကြား အပေးအယူဆိုင်ရာ အချေအတင်ငြင်းခုံမှုများ၊ မြို့ပြနေ လူလတ်တန်းစား “Gen Z” လူငယ်များ သို့မဟုတ် အခြေခံလူတန်းစား “အညာသား” လယ်သမားများအနက် မည်သူက တော်လှန်ရေးကို ဦးဆောင်နေသည်ဟူသည့်  ပြောဆိုမှုစကားလမ်းကြောင်းများ၊ မြန်မာ့လူ့ဘောင်အတွင်း၌ တည်ရှိနေသော ဖိုပခါနဝါဒကို ထုတ်ဖော်ဝေဖန်ပြောဆိုရန် သင့်မသင့်နှင့်စပ်လျဉ်းသည့် ပြောဆိုဆွေးနွေးမှုများနှင့် “Burmanization” (ဗမာလူမျိုးကြီးဝါဒ၊ ဗမာမှုပြုခြင်း နှင့် အခြားဆက်စပ် ဝေါဟာရများ) နှင့်စပ်လျဉ်း၍ ထုတ်ဖော်ဝေဖန်ပြောဆိုရာတို့တွင် အရေးပါသည့် အခြင်းအရာတို့ဖြစ်ကြသည်။ “Burmanization” နှင့်စပ်လျဉ်းသည့် အကြောင်းအရာမှာ ပြောဆိုဆွေးနွေးမှုများအကြား ရေပန်းစား လွှမ်းမိုးခဲ့သဖြင့် အဆိုပါ အကြောင်းအရာကို  ဦးစားပေးလေ့လာရန် သုတေသနအဖွဲ့အတွက် အမှတ်မထင် တွန်းအားဖြစ်စေခဲ့သည်။

ပထမအချက်အနေဖြင့်  “Burmanization” အစရှိသည့် ခွဲခြားဆက်ဆံမှုကို ညွှန်းဆိုပြသနေသည့် စကားရပ်များမှာ မတူကွဲပြားခြားနားသူတို့အတွက် မတူညီသည့် အဓိပ္ပါယ် ဖော်ဆောင်နေသဖြင့် ဝေဝါးရှုပ်ထွေးစေသည်။ ဒုတိယအနေဖြင့် ဗမာမဟုတ်သည့် လူမျိုးစုဝင်များသည် ခွဲခြားဆက်ဆံခံရမှုများနှင့်ပတ်သက်ပြီး ရှင်းလင်းဆောင်ရွက်ခြင်း မတွေ့မြင်ရလျှင် တော်လှန်ရေး၌ ပါဝင်ရန် တွန့်ဆုတ်လျက်ရှိသည်။ တတိယအချက်မှာ လူမျိုးကြီးဝါဒကို ကျင့်သုံးမှုမှာ ဗမာလူမျိုးတစ်မျိုးတည်းမဟုတ်ဘဲ (ကချင်၊ ရှမ်းအစရှိသည့်) ဒေသတွင်း အင်အားတောင့်တင်းသည့် လူနည်းစုဝင်များကလည်း လူဦးရေပိုမိုနည်းပါးသည့် အခြားလူနည်းစုဝင်များအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်လျက်ရှိကြောင်း စွပ်စွဲပြောဆိုချက်များရှိခဲ့သည်။ စတုတ္ထအချက်မှာ အသားအရောင်နှင့် ဘာသာရေးအရ ခွဲခြားမှုတို့မှာ အများက စံသတ်မှတ်ထားသည့် လူမျိုးကြီးဝါဒနှင့်မတူညီကြောင်း၊ ၎င်းထက်ပင် ပိုမို ဆိုးဝါးနိုင်ကြောင်းအား ခွဲခြားဆက်ဆံခံရသည့် ကာယကံရှင်များက ဆိုကြသည်။ ယင်းအချက်များအားလုံးကို စုပေါင်းလိုက်ပါက အဆိုပါကိစ္စရပ်များကို သက်ဆိုင်ရာ အုပ်စုများအတွက် ပိုမိုရှာဖွေဖော်ထုတ်ရန်နှင့် ရေရှည်တည်တံ့သောမူဝါဒကို အလေးထားလုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း ဖော်ပြနေသည်။ အမှန်စင်စစ်အားဖြင့် ဤအစီရင်ခံစာတွင် အဆိုပါ အချေအတင်ငြင်းခုံမှုအတွက် အန္တိမ အဖြေများကို ရှာဖွေပေးထားခြင်း၊ သီးခြားအခြေအနေတစ်ခုအတွက် အရေးဆိုထားပေးခြင်းနှင့် ငြင်းခုံချက်များအားလုံးကို ကိုယ်စားပြုနိုင်ခြင်း မရှိသေးပါ။ ပြည်သူများပြောဆိုနေသည့် အကြောင်းအရာများ၊ အထူးသဖြင့် အစွန်းဘက်သို့ ပိုပြီးဖယ်ထုတ်ခြင်းခံထားရသော အသံများကို အလေးပေး ထင်ဟပ်ပြသရန်ဟူသည့် ကျိုးနွံသော ရည်ရွယ်ချက်သာ ထားရှိပါသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် အချင်းချင်းကြား နားလည်မှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဤအစီရင်ခံစာမှတဆင့် စမှတ်တစ်ခု ပေါ်ပေါက်လာစေရန် မျှော်မှန်းပါသည်။

# မာတိကာ


ခြုံငုံသုံးသပ်ချက်........................................................................................................ ၁
နိဒါန်း နှင့် သုတေသန ပြုလုပ်ရန် စေ့ဆော်မှု.......................................................................... ၆
သုတေသန နည်းလမ်းများ........................................................................................................ ၉
အပိုင်း (၁) သဘောထားကွဲမှုများအား အနှစ်ချုပ်ဖော်ပြချက်................................................. ၁၁
နည်းဗျူဟာအရ ကွဲပြားမှုများ.......................................................................................... ၁၂
ကျင့်ဝတ်ပိုင်းဆိုင်ရာ အငြင်းအခုံများ/ ဗျူဟာပိုင်းဆိုင်ရာနှင့်ပတ်သက်၍ စိုးရိမ်မှုများ...... ၁၄
မျိုးဆက်ပိုင်းဆိုင်ရာအရ ကွဲပြားမှု.................................................................................. ၁၆
လူမှုလိင် (ဂျဲန်ဒါ)........................................................................................................... ၁၇
အနှစ်ချုပ်........................................................................................................................ ၁၈
အပိုင်း (၂) Burmanization နှင့်ပတ်သက်သည့် ငြင်းခုံဆွေးနွေးမှုများ.................................. ၁၉
ဗမာနှင့် တိုင်းရင်းသားတို့အကြား အပြန်အလှန်မုန်းတီးမှုများ.......................................... ၂၀
ခွဲခြားဆက်ဆံခြင်းနှင့် စပ်လျဉ်း၍ ကွဲပြားသည့်တုန့်ပြန်ချက်များ................................. ၂၃
“Burmanization”.............................................................................................................. ၂၃
“ဗမာမှုပြုခြင်း” နှင့် “ဗမာလူမျိုးကြီးဝါဒ”......................................................................... ၂၅
မည်သူများမှာ အခွင့်ထူးခံဖြစ်သနည်း?......................................................................... ၂၆
မည်သူများမှ မည်သည်တို့အား ပြောကြားလျက်ရှိသနည်း?............................................ ၂၈
လူမျိုးကြီးဝါဒသည် ဗမာများထံမှသာ လာခြင်းမဟုတ်................................................. ၃၀
အပိုင်း (၃) နိဂုံး........................................................................................................................ ၃၃
ဒီမိုကရေစီအရေးလှုပ်ရှားနေသည့် ခေါင်းဆောင်များအတွက် အကြံပြုချက်များ............. ၃၅
တက်ကြွလှုပ်ရှားသူများနှင့် မြေပြင် အရပ်ဘက်လူမှုအသိုက်အဝန်းအတွက် အကြံပြုချက်များ.......... ၃၈
နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များအတွက် အကြံပြုချက်များ.......................................... ၃၈
နောက်ဆက်တွဲ (၁) - အထင်ကရပုဂ္ဂိုလ်များနှင့် ဆိုရှယ်မီဒီယာအား သရုပ်ခွဲလေ့လာသည့် နည်းလမ်းများ.......... ၄၀
နောက်ဆက်တွဲ (၂) - လေ့လာဖတ်ရှုခဲ့သော်လည်း ကိုးကားခြင်းမပြုခဲ့သော ရင်းမြစ်များ......... ၄၂

# ခြုံငုံသုံးသပ်ချက်

## အချေအတင်ငြင်းခုံဆွေးနွေးမှု၏ အရေးပါမှု

- လက်ရှိလူထုအုံကြွမှုတွင် တပြိုင်တည်း ဖြစ်ပွားလျက်ရှိသည့် တော်လှန်ရေး နှစ်ရပ်ရှိပါသည်။ ပထမ တစ်ရပ်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စစ်ကောင်စီ)၊ ၎င်း၏ စစ်ဝါဒနှင့် ပြည်တွင်း၌ ဗိုလ်ကျ အနိုင်ကျင့်စိုးမိုးမှုကို တော်လှန်ပုန်ကန်ခြင်းဖြစ်ပြီး၊ ဒုတိယမှာ စစ်ကောင်စီဆန့်ကျင်ရေးလှုပ်ရှားမှု အဖွဲ့ များအတွင်း ဖြစ်ပေါ်နေသော အခြေအနေ ဖြစ်ပါသည်။

- ဒုတိယ တော်လှန်ရေးမှာ လက်တွေ့မြေပြင်၌ ဖြစ်ပျက်ခဲ့ခြင်းမျိုးမရှိသော်လည်း ဆိုရှယ်မီဒီယာပေါ်ရှိ ဇာတ်ကြောင်းများတွင် ပုံပေါ်ထင်ဟပ်လျက်ရှိပြီး နယ်ပယ်ကဏ္ဍစုံတွင် ဖြစ်ပွားလျက်ရှိသည်။ လူမျိုး၊ လူတန်းစား၊ လူမှုလိင် (ဂျဲန်ဒါ)၊ ဘာသာရေးနှင့် နိုင်ငံရေးရပ်တည်ချက် ပေါင်းစုံမှ မြန်မာနိုင်ငံသား တို့သည် စစ်တပ်ကို အမြစ်ဖြတ် တွန်းလှန်တိုက်ခိုက်ပြီးသည့်နောက်တွင် နိုင်ငံမှာ မည်သည့်ပုံစံဖြင့် တည်ရှိသင့်သည်၊ မည်ကဲ့သို့လုပ်ဆောင်သင့်သည်နှင့် ပတ်သက်၍ အချေအတင်ဆွေးနွေး ငြင်းခုံကြ သည်။

- အနာဂတ် နိုင်ငံတော်ကို မည်သည့်ပုံစံဖြင့် တည်ရှိသင့်သည်နှင့် ပတ်သက်သည့် အတွေးအမြင်များ မှာ စစ်အာဏာမသိမ်းမီအချိန်ထက်ကပင် ပိုမိုကွဲပြားလျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပေါက်ပေါ်လာ သည့် နိုင်ငံရေးအခြေအနေအသစ်သည် အတွေးအမြင်များကို ပိုမိုကျယ်ပြန့်စွာ လက်ခံနိုင်စွမ်းရှိအောင် ဆွဲချဲ့ပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ပြည်သူများမှာ ၎င်းတို့၏ အငြင်းပွားဖွယ်ရာ အတွေးအမြင် များကို မိမိတို့ဘာသာ ကန့်သတ်ပိုင်းဖြတ်ထားခြင်းမျိုး  နည်းပါးလာတော့သည်။ ထိရှလွယ်သည့် “အကူးအပြောင်းကာလ”ကို  အကာအကွယ်ပေးထားရန် မလိုအပ်တော့သောကြောင့် အခြားအမြင်မတူ သူများမှာ အဆိုပါ အငြင်းပွားဖွယ်ရာ အတွေးအမြင်များကို တားဆီးထိန်းသိမ်းရန် အင်အားလျော့နည်း လာသည်။

- ဆိုလိုသည်မှာ အဆိုပါ အပြန်အလှန်ပြောဆိုဆွေးနွေးမှုများမှာ ခက်ထန်ပြီး စိတ်နှလုံးထိခိုက်နာကျင် ရသည့်တိုင် ဆက်လက်ဖြစ်ပေါ်ရန် အလားအလာများလျက်ရှိသည်။ သို့ဖြစ်ရာ ပြည်တွင်းအင်အားစု များအကြား ရင်ကြားစေ့ခြင်းမှာ တသတ်မှတ်တည်း သွားရခြင်းမျိုး မဟုတ်ပဲ အတိုက်အခံပြုခြင်း နှင့် ရှုပ်ထွေးသည့် ဖြစ်စဉ်တို့မှတဆင့် သဟဇာတဖြစ်ခြင်းနှင့် အပြန်အလှန်နားလည်ခြင်းဆီသို့ တက် လှမ်းရခြင်းဖြစ်သည်။ ၎င်းမှာ “ရှေ့ကို နှစ်လှမ်းတက်၊ နောက်ကို တစ်လှမ်းဆုတ်” ပုံစံဖြင့် အဆင့် တက်ရသည်ဖြစ်ရာ ကာလရှည်ကြာ ကြာမြင့်နိုင်သည့် ဖြစ်စဉ်တစ်ရပ်လည်း ဖြစ်သွားနိုင်ပေသည်။ ရေရှည်ရလဒ်ထွက်ပေါ်စေရန်အတွက် ယခုအချိန်တွင် စိတ်မသက်သာစေသော အတွေးအမြင်များကို လမ်းကြောင်းဖွင့် ဆွေးနွေးဖို့ရာ အရေးကြီးပါသည်။

- ယမန်နှစ်ကတည်းက ထိုကဲ့သို့ ဆွေးနွေးငြင်းခုံမှုကို အားပေးသည့်ဖြစ်ရပ်များ စတင်ခဲ့သည်။ ဆွေးနွေး မှုများသည် အကြိတ်အနယ်၊ အပြင်းအထန် ဖြစ်လာသော်လည်း အလုံးစုံ သွေးကွဲသည့်အခြေအနေ သို့ ရောက်ရှိမသွားသည်မှာ လေးစားချီးကျူးဖွယ်ဖြစ်သည်။ အဆိုပါ အချေအတင် ငြင်းခုံဆွေးနွေးမှုများ ကြောင့် စိတ်ဝမ်းကွဲသည့်တိုင် ညီညွတ်ရေးအတွက် တောင်းဆိုသံများကို ကျော်လွှားနိုင်မည်မဟုတ်ပါ။ ဤသို့ ရုန်းကန်တော်လှန်မှုသည် ယခင်က ဖုံးကွယ်ခြင်းခံခဲ့ရသည့် ငြင်းခုံဆွေးနွေးဖွယ်ရာ  နယ်ပယ် များအားလည်း လမ်းပွင့်စေခဲ့သည်။ ၎င်းအချက်မှာ ဒီမိုကရေစီလှုပ်ရှားမှုအတွင်း ပါဝင်လျက်ရှိသော မြန်မာနိုင်ငံသားများ[၁]သည် စစ်ကောင်စီကိုတော်လှန်ကြရာတွင် မတူကွဲပြားမှုများမှတဆင့် လုပ်ဆောင် လျက်ရှိကြောင်း  ဖော်ပြနေသည်။

၁ ဤအစီရင်ခံစာတွင်သုံးထားသော “မြန်မာနိုင်ငံသားများ” ဆိုသည်မှာ လူမျိုးစုများအပါအဝင် မြန်မာနိုင်ငံသားများ အားလုံးကို ရည်ရွယ်ပြီး လူများစုများကိုမူ “ဗမာများ” ဟုရည်ညွှန်းသုံးစွဲထားပါသည်။.

- အစ္စိမပန်းတိုင်မှာ "ရန်သူ၏ ရန်သူသည် မိတ်ဆွေဖြစ်သည်" ဟူသည့်" ခြိစည်းရိုး ခွထိုင်လျက်ရှိသူများကို အရေးတော်ပုံတွင် ပါဝင်လာစေရန် မဆွဲဆောင်နိုင်သည့် ရေတိုနိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုမျိုးကို ကျော်လွန်ကာ နိုင်ငံရေးစံတန်ဖိုးများ တူညီသည့် အခြေအနေသို့ရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုဖွယ်ရာရှိသည်။ ထို့ပြင် အဆိုပါအရေးကိစ္စများကို ထုတ်ဖော် ဝေဖန်ပြောဆိုခြင်းမရှိပါက အရေးတော်ပုံအောင်မြင်သည့်အခါ တည်ဆောက်မည့် နိုင်ငံတော်၏ ဒီမိုကရေစီ အနာဂတ်အား ထိခိုက်စေပါလိမ့်မည်။

## သဘောတရားကွဲပြားမှုများ၏ နယ်ပယ်များ

- **နည်းဗျူဟာပိုင်း -** အပြန်အလှန်ပြောဆိုဆွေးနွေးမှုများတွင် တော်လှန်ရေးဘက်တော်သားများသည် စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးရန် သင့်မသင့်၊ အကြမ်းမဖက်လှုပ်ရှားမှုနှင့် လက်နက်ကိုင်တော်လှန်ရေးအနက် မည်သည်ကို လုပ်ဆောင်သင့်ကြောင်း၊ လက်ရှိဖြစ်ပွားလျက်ရှိသည့် "မင်းမဲ့စရိုက် ဖြစ်နေမှု" မှာ ဖြေရှင်းရမည့်ပြဿနာတစ်ရပ် ဖြစ်ကြောင်း (သို့မဟုတ်) အရေးတော်ပုံ အောင်မြင်ရန်သာ လိုအပ်ကြောင်း၊ အချိန်ကာလကြာမြင့်ကာ အစွန်းရှည်ကြာလျက်ရှိသော အရေးတော်ပုံသည် တော်လှန်ရေးဘက်တော်သားများအတွက် အကျိုးဖြစ်ထွန်းစေကြောင်း (သို့မဟုတ်) ၎င်းတို့ဆက်လက်တည်ရှိနေနိုင်မှုကို ထိခိုက်စေကြောင်းနှင့် တော်လှန်ရေးအတွင်း လူမှုကွန်ယက်ဆိုရှယ်မီဒီယာအသုံးပြုမှုသည် အကျိုးရှိကြောင်း (သို့မဟုတ်) ၎င်းသည် သုံးစွဲသူများအား အန္တရာယ်ကျရောက်စေကြောင်း တို့ ပါဝင်သည်။

- **ကိုယ်ကျင့်တရားပိုင်း -** စစ်တပ်ကို ဆန့်ကျင်တော်လှန်သူများသည် ၎င်းတို့တွင် အင်အားအရင်းအမြစ်မလုံလောက်သည်ကို သိရှိခဲ့ကြသည်။ သူတို့ထံတွင် လက်နက်ခဲယမ်းများနှင့် ကာကွယ်ရေးပစ္စည်းများ မရှိကြချေ။ ထို့အတူ သူတို့ဘက်တွင် ရာဇဝတ်သားများအား အကျဉ်းထောင်သို့ လွှဲပြောင်းပေးနိုင်သောဘက်မလိုက်သည့် လုံခြုံရေးအရာရှိများလည်းမရှိချေ။ မိတ်ဆွေလား၊ ရန်သူလား (သို့မဟုတ်) ခိုးဆိုးလုနှိုက်တစ်ဦးလားဆိုသည်ကို ခွဲခြားသိနိုင်လောက်အောင် လုံလောက်သည့် အချက်အလက်များလည်း မရှိကြပါ။ ထိုကဲ့သို့သော အခြေအနေများတွင် တော်လှန်ရေးဘက်တော်သားများဖက်မှ (ခိုးဆိုးလုနှိုက်များကို အဆုံးစီရင်ခြင်းကဲ့သို့) အရေးယူဆောင်ရွက်ခြင်းများသည် အခြားသော စစ်အစိုးရဆန့်ကျင်သူများအဖို့ လက်သင့်မခံနိုင်စရာ ဖြစ်စေခဲ့သည်။ အရေးတော်ပုံ ဖော်ဆောင်ရာတွင် "စည်းမျဉ်းစည်းကမ်းများ" ဖြင့် တော်လှန်ရေးကို လုပ်ဆောင်ရမည် (သို့မဟုတ်) လက်တွေ့ပဓါနဝါဒကို ကျင့်သုံးရမည်ဟူသည့် အချေအတင်ငြင်းခုံဆွေးနွေးမှုများ ပေါ်ပေါက်လာခဲ့သည်။

- **မျိုးဆက်ပိုင်း -** "Gen-Z" မျိုးဆက်များကို အချို့က တော်လှန်ရေး၏ ရှေ့တန်းသူရဲကောင်းများအဖြစ် ပုံဖော်ခဲ့ကြသည်။ အထူးသဖြင့် နိုင်ငံတကာမီဒီယာများ၌ ဆိုင်းဘုတ်များပေါ်တွင် လူငယ်များက ကျွမ်းကျင်စွာရေးသားထားသော ဆန္ဒပြစာတန်းများကို ဦးစားပေးဖော်ပြခဲ့ခြင်းကြောင့် အဆိုပါအချက်မှာ မှန်ကန်လျက်ရှိသည်။ သို့သော် အခြားသောသူများက တော်လှန်ရေးကို လူငယ်များကသာ အမြဲဦးဆောင်လေ့ရှိကြသည် မဟုတ်လောဟူ၍ စောဒကတက်ကြသည်။ အဆိုပါ ဝေဖန်ရေးသမားများမှာမူ တော်လှန်ရေးတွင် လူငယ်များပါဝင်မှုနှင့်ပတ်သက်၍ အရည်အသွေးပိုင်းဆိုင်ရာအရ ထူးခြားစွာ ပြောင်းလဲမှုမရှိကြောင်း ဝေဖန်ပြောဆိုခဲ့ကြသည်။ ၎င်းနှင့် သက်ဆိုင်သည့် ဝေဖန်ပြောဆိုချက်တစ်ခုမှာ "Gen Z" (ဂျန်ဇီ) ဟူသည့် စကားရပ်သည့် လူထုတစ်ရပ်လုံးကို ဂုဏ်ဆောင်သည့် လူတန်းစား အခြေပြ အခေါ်အဝေါ်တစ်ခုဖြစ်လာသည်ဟူ၍ ဖြစ်သည်။ တစ်နည်းပြောရမည်ဆိုပါက "Gen Z" ဟူသည်မှာ စင်စစ်အားဖြင့် မြို့ပြနေ လူလတ်တန်းစား လူငယ်များကို ဆိုလိုသည်။ ဒီမိုကရေစီ အကူးအပြောင်းကာလသည် အသိဥာဏ်ပွင့်လင်းမှုနှင့် "အခွင့်အရေး"တို့ကို ယူဆောင်လမ်းဖွင့်ပေးခဲ့ရာ "Gen Z"များကို ယင်းမတိုင်ခင် အမှောင်ခေတ်များသို့ ပြန်လည်မသွားလိုသည့် လူငယ်များအဖြစ် ဖော်ပြကြသည်။ ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အဆိုပါအယူအဆမှာ အကူးအပြောင်းကာလအတွင်း

ထိခိုက်နစ်နာခဲ့ရသူများ (သို့မဟုတ်) ဖယ်ကြဉ်ခံခဲ့ရသူများအပေါ် အသိအမှတ်မပြုသည့် သဘော သက်ရောက်နေသဖြင့် တွေးချင့်စရာဖြစ်သည်။ မြန်မာပြည်အထက်ပိုင်းတွင် စစ်ကောင်စီကို တော်လှန်တိုက်ခိုက်နေသည့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင် (PDF)များမှာ "Gen Z"ဟူသည့် ဝေါဟာရအောက်တွင် အကျုံးဝင်မဝင် မေးခွန်းထုတ်ဖွယ်ရှိသည်။ အကျုံးမဝင်ပါက ၎င်းတို့မှာ ဝတ်စားဆင်ယင်ပုံ၊ လူမှုဘဝအား ရှုန်းကန်ရပုံများမှာ Gen Z လူတန်းစားအလွှာရှိသည့် လူနေမှု စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိခြင်းကြောင့်လောဟူ၍ မေးခွန်းထုတ်ရမည်ဖြစ်သည်။

- **လူမှုလိင် (ဂျဲန်ဒါ)ပိုင်း** - တက်ကြွလှုပ်ရှားသူအချို့သည် ၎င်းတို့အချင်းချင်းကြားတွင် ဆန့်ကျင်ဘက်အမြင်များရှိကြသော်လည်း မြန်မာ့လူ့အသိုက်အဝန်းတွင် အမြစ်စွဲလျက်ရှိသည့် ဖိုပဓာနဝါဒအား ဖျက်စီးချေမှုန်းခြင်းမရှိဘဲ တော်လှန်ရေး မအောင်မြင်နိုင်ဟူသည့် အချက်ကိုမူ သဘောတူထောက်ခံကြသည်။ ဖိုပဓာနဝါဒသည် စစ်ဝါဒစံနှုန်းများကို အထောက်ပံ့အပေးသည်ဖြစ်ရာ ထိုသို့ ချေမှုန်းရန်မှာ မဖြစ်မနေလိုအပ်ကြောင်း ထောက်ပြဝေဖန်ပြောဆိုကြသည်။ သို့သော် ၎င်းတို့နှင့် ဆန့်ကျင်ဘက်အမြင်ရှိသူများမှာမူ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ လူ့ဘောင်အတွင်းရှိ လူမှုရေးရာ မမျှတမှုအားလုံးကို ထောက်ပြဝေဖန်ပြောဆိုနေရမည့် အချိန်၊ နေရာ မဟုတ်ကြောင်း တော်လှန်ရေးအောင်မြင်အောင် ဦးစွာ အားထုတ်သင့်ကြောင်း ပြန်လည်ချေပကြသည်။

## လူမျိုး၊ ဘာသာ မတူခြားနားခြင်းသည် အငြင်းပွားဖွယ်အဖြစ်ဆုံး သဘောထားကွဲပြားမှု

၁။ သုတေသနဖြစ်စဉ်အတွင်း တွေ့ရှိခဲ့ရသည့် အဓိက ငြင်းခုံဆွေးနွေးမှုမှာ **မြန်မာနိုင်ငံအတွင်း လူမျိုး၊ ဘာသာမတူခြားနားခြင်း**နှင့်ပတ်သက်၍ ဖြစ်သည်။ အဆိုပါအရေးကိစ္စနှင့်စပ်လျဉ်း၍ မတူကွဲပြားသည့် နိုင်ငံရေး၊ လူမှုရေး၊ လူမျိုးရေးနှင့် ဘာသာရေး နောက်ခံအခြေအနေအမျိုးမျိုးမှ မြန်မာနိုင်ငံသားတို့သည် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ပြည်သူများမှာ ကွဲပြားမှုများစွာရှိနေသည့် နိုင်ငံတွင် လူမျိုး၊ ဘာသာ အစုံအလင်ပါဝင်သည့် ဒီမိုကရေစီတစ်ရပ် ဖော်ဆောင်နိုင်မှု ရှိမရှိနှင့် ပတ်သက်၍ မေးခွန်းထုတ်လျက်ရှိသည်။

၂။ နိုင်ငံတွင်းပြုလုပ်ခဲ့သည့် ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံနှင့် ပါဝင်ဖွဲ့စည်းထားသည် ဟူသည့် အချက်ကိုသာမက ဗမာမဟုတ်သည့် **တိုင်းရင်းသားများ**[၂] **ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကိုပါ အသိအမှတ်ပြုထည့်သွင်းဆွေးနွေးလေ့ရှိသည်။**

  - ဆန္ဒပြမှုများအပေါ် စစ်တပ်၏ ရက်စက်စွာ ဖြိုခွင်းမှုသည် ရာစုဝက်ကျော်အတွင်း တိုင်းရင်းသားများအပေါ် စစ်ဆင်နေမှုများနှင့် ပတ်သက် ၍ ဗမာဆန္ဒပြသူများနှင့် လူ့အသိုင်းအဝိုင်းအား ပြည်လည်ဆန်းစစ်စေရန်နှင့် ကိုယ်ချင်းစာတရား ရှိလာစေရန် တွန်းအား ဖြစ်လာစေသည်။[၃]

၃။ လူများစု ဗမာများ ခံစားရရှိသည့် အပိုအကျိုးခံစားခွင့်ကို အင်္ဂလိပ်သာသာဖြင့် **"Burmanization" သို့မဟုတ် "Bamar privilege"** ဟူ၍လည်းကောင်း၊ မြန်မာဘာသာဖြင့် **"ဗမာလူမျိုးကြီးဝါဒ" သို့မဟုတ် "ဗမာမှုပြုခြင်း"** ဟူ၍လည်းကောင်း အမည်တပ် ရည်ညွှန်းခေါ်ဝေါ်ကြသည်။ ("ဗမာလူမျိုးကြီးဝါဒ" နှင့် "ဗမာမှုပြုခြင်း"ဟူသည့် စကားရပ်များ၏ အဓိပ္ပါယ်မှာမူ တူညီခြင်းမရှိပေ။)

---

၂ နိုင်ငံတော်၏ တရားဝင် သတ်မှတ်ချက်အရ ဗမာလူမျိုးများမှာလည်း ဌာနေ တိုင်းရင်းသားတစ်မျိုးဖြစ်သည်။ သို့သော် အရပ်စကားဖြင့် ပြောဆိုမှုများတွင် တိုင်းရင်းသားဟူသည် မြန်မာနိုင်ငံရှိ ဗမာမဟုတ်သည့် ဌာနေလူမျိုးစုများအား ရည်ညွှန်းခေါ်ဝေါ်ခြင်းဖြစ်ပြီး အဆိုပါ စကားရပ်မှာ ၎င်းလူမျိုးစုတို့အား ဗမာများ၊ လူမျိုးခြားများ ဟုသတ်မှတ်ထားသည့် ရိုဟင်ဂျာများ၊ တရုတ်နွယ်ဖွားများ နှင့် အိန္ဒိယနွယ်ဖွားများနှင့် ကွဲပြားအောင် ခွဲခြားသတ်မှတ်ပေးလျက်ရှိသည်။ဗမာများမှာ တိုင်းရင်းသား အနေနှင့်သာမက ၎င်းအထက်ကျော်လွန်သည့်နေရာကိုပါ ရယူလျှက်ရှိသည်။.

၃ Thawnghmung, Ardeth Maung and Khun Noah. "Myanmar's military coup and the elevation of the minority agenda?, Critical Asian Studies, 53:2 (2021): 297-309, at p 306. ကိုရှုပါ

၄။ **အဆိုပါ ဝေါဟာရများမှာ ရှင်းလင်းသည့် အနက်အဓိပ္ပါယ်များ ကင်းမဲ့လျက်ရှိသည်။ ထို့ပြင် အကျိုးအမြတ်ခံစားခွင့်ရရှိကြောင်း/ နစ်နာကြောင်း စွပ်စွဲပြောဆိုခံရသူတို့၏ အတွေ့အကြုံများကို ပုံဖော်ထင်ဟပ်ခြင်း မရှိပေ။**

- ရှင်းလင်းသည့် အနက်အဓိပ္ပါယ်များမရှိခြင်း - (အင်္ဂလိပ်-မြန်မာ နှစ်ဘာသာလုံးဖြင့်) ဖော်ပြသည့် စကားရပ် အမျိုးမျိုးမှာ **မတူညီသည့် အခွင့်အရေးချိုးဖောက်မှုများ**ကို ဖော်ပြလျက်ရှိသည်။ သို့ဖြစ်ရာ (ဗမာလူမျိုးကြီးဝါဒနှင့် ဆက်စပ်သည့်) ဝေါဟာရ တစ်ခုအား (တက်ကြွလှုပ်ရှားသူ သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်တစ်ဦးက) ပြောကြားလိုက်သောအခါ နားထောင်သူများ နားလည်လိုက်သည့်အရာမှာ ပြောကြားသူ ဆိုလိုသည့် မူရင်း အဓိပ္ပါယ်နှင့် ကွဲလွဲနေနိုင်ပါသည်။ ယင်းကြောင့် ရှုပ်ထွေးခြင်းနှင့် နားလည်မှုလွဲခြင်းတို့ကိုသာမက အယုံအကြည်ကင်းမဲ့ခြင်းနှင့် လက်သင့်မခံနိုင်ခြင်းတို့ကိုပါ ဖြစ်ပေါ်လာစေနိုင်သည်။
- ဝေါဟာရ၏ ဆိုလိုရင်းဟု ယူဆရသည့် အနက်အဓိပ္ပါယ်မှာ ပြည်သူများ၏ လက်တွေ့ဘဝ ကြုံတွေ့ရမှုများနှင့် ကိုက်ညီမှုမရှိခြင်း - (ဗမာလူမျိုးကြီးဝါဒနှင့် ဆက်စပ်သည့်) စကားရပ်တစ်ခုကို ပြောကြားသော်လည်း အဓိပ္ပါယ် ဖွင့်ဆိုရှင်းလင်းမပြသထားသည့်အခါ နားထောင်သူများဘက်က **အဆိုပါ ဖော်ပြမှုမှာ ၎င်းတို့၏ လက်တွေ့ဘဝ အတွေ့အကြုံများကို အမှန်တကယ်ကိုယ်စားပြုဖော်ပြသည်ဟု ခံစားရမည်မဟုတ်ချေ**။ “Bamar privilege”ဟူသည့် စကားရပ်၏ အနက်အဓိပ္ပါယ်ကို “ဗမာလူမျိုးများသည် ၎င်းတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကြောင့် မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းတွင် အခွင့်ထူးကို ခံစားရရှိကြသည်” ဟု ဖွင့်ဆိုရှင်းလင်းမည်ဆိုပါလျှင် နားထောင်သူတို့က သူတို့ လက်တွေ့ဘဝ ကြုံတွေ့ခံစားရမှုများကတဆင့် ရရှိသည့် နားလည်မှုကို အခြေခံပြီး အဆိုပါဖွင့်ဆိုမှုကို ငြင်းပယ်ကြပါလိမ့်မည်။ ဥပမာ- ဆင်းရဲနွမ်းပါးသည့် ဗမာလူမျိုးတို့သည် ၎င်းတို့မှာ တိုင်းရင်းသား အထက်တန်းလွှာများအောက် ပိုမိုနည်းပါးသော အခွင့်အရေးကို ရရှိကြသည်ဟု ထောက်ပြငြင်းဆိုကြသည်။ (မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းနှင့် မကွေးဒေသတို့မှ အညာသားများကဲ့သို့) အချို့ဗမာလူမျိုးများမှာ ၎င်းတို့သည်လည်း တိုင်းရင်းသားများတွေ့ကြုံခံစားခဲ့ရသကဲ့သို့ စနောက်၊ လှောင်ပြောင်၊ ခွဲခြားခံရကြောင်းကို မီးမောင်းထိုး ပြောဆိုခဲ့ကြသည်။ တိုင်းရင်းသားများသာမက အညာသားများပါ မြို့ပေါ်နေ ဗမာလူမျိုးများနှင့် ကွဲပြားခြားနားသည့် ၎င်းတို့၏ လေယူလေသိမ်းနှင့် ဝတ်စားဆင်ယင်မှုများ စသည်တို့ကြောင့် စနောက်လှောင်ပြောင်ခြင်းကို ခံရသည်။
- ဗမာလူမျိုးကြီးဝါဒလော (သို့မဟုတ်) စစ်ဝါဒလော - ဗမာလူမျိုးကြီးဝါဒဟူသည်မှာ ဗမာလူမျိုးအားလုံးထံမှ ဆင်းသက်လာသည့် အလုံးစုံ ကြီးစိုးလွှမ်းမိုးခြင်းဟု ဗမာများနှင့် တိုင်းရင်းသား[၄] ပြည်သူအချို့က နားလည်လက်ခံထားကြသည်။ အဆိုပါလူမျိုးကြီးဝါဒမှာ (NLD ဖြစ်စေ တပ်မတော်ဖြစ်စေ) အာဏာရှိသော အစိုးရအဖွဲ့အစည်းများမှတဆင့် ရောက်ရှိလာသည်ဟု နားလည်သဘောပေါက်ကြသည်။ အကျိုးဆက်အားဖြင့် **ကွန်ဖက်ဒရေးရှင်းစနစ်ကျင့်သုံးခြင်း** (သို့မဟုတ်) **အလုံးစုံခွဲထွက်ခြင်း**တို့မှာ ဖြစ်သင့်သည့် နိုင်ငံရေးအရ တုံ့ပြန်ဆောင်ရွက်ချက်များ ဖြစ်သည်ဟု ထင်မြင်လာကြသည်။ ဆန့်ကျင်ဘက်အားဖြင့် အခြားသူများမှာ ဗမာလူမျိုးကြီးဝါဒထက် စစ်ဝါဒကို ပိုမို ထောက်ပြပြောဆိုသင့်သည်ဟု ဝေဖန်ပြောဆိုကြသည်။ စစ်တပ်အားဖယ်ရှားခြင်းဖြင့် ဖက်ဒရယ်စနစ်အား ပိုမိုလွယ်ကူစွာ ရရှိနိုင်လိမ့်မည်ဟု ၎င်းတို့က ဆိုသည်။

၅။ **လူတန်းစားအလွှာကို ထည့်သွင်းစဉ်းစားပါက မျိုးချစ်တို့သည် အပြောင်းအလဲနှင့် တိုင်းရင်းသားများအပေါ် ဦးစားပေးသည့် မူဝါဒများကိုကန့်ကွက်နိုင်သည်** - ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဗမာလူမျိုးအများစု လွှမ်းမိုးပါဝင်လျက်ရှိသည်ဟု ဆိုကြသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည်

၄ ”တိုင်းရင်းသား” ဟူသည့် စကားရပ်သည် မြန်မာနိုင်ငံနယ်နမိတ်အတွင်းရှိ “ဌာနေတိုင်းရင်းသား” ၁၃၅ မျိုးကို ဆိုလိုသည်။.

ဖက်ဒရယ်စနစ်ကို အားပေးထောက်ခံမှု ပြုလိမ့်မည် ဖြစ်သည်။ ၎င်းတို့သည် တိုင်းရင်းသားလူမျိုးများ၏ အမှတ်သညာ သင်္ကေတများ (သမိုင်းနှင့် ယဉ်ကျေးမှု)ကို (ကျောင်းသင်ရိုးညွှန်းတမ်းများကဲ့သို့) လူအများနှင့်သက်ဆိုင်သည့် အင်စတီကျူးရှင်းများတွင် ထည့်သွင်းပြဌာန်းရန် အားပေးထောက်ခံပြုလိမ့်မည် ဖြစ်သည်။ ဤအချက်သည် ဗမာလူမျိုးကြီးဝါဒနှင့် အသားကျနှင့်ပြီးသူတို့အဖို့ လက်ခံနိုင်ရန် ခက်ခဲစေလိမ့်မည်။ ၎င်းတို့သည် အဆိုပါ ကြိုးပမ်းအားထုတ်မှုအား တိုင်းပြည်ကို ရောင်းစားနေမှုဟု ရှုမြင်ကြသည်။

၆။ **မတူညီသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လူအုပ်စုအလိုက် အမျိုးအစားခွဲနိုင်သည်။** Burmanization နှင့်သက်ဆိုင်သည့် ဝေါဟာရမှာ မည်သူကပြောဆို/ကြားရသည်ပေါ် မူတည်၍ နားလည်မှုပုံစံ ကွဲလွဲနိုင်ပါသည်။ အချို့ကွဲလွဲမှုများသည် နေထိုင်ရာဒေသ (ဗမာအများစုရှိရာ မြေပြန့် ဒေသတွင် နေထိုင်ကြသူများ သို့မဟုတ် ဗမာမဟုတ်သူများအများစုရှိရာ တောင်တန်းဒေသတွင် နေထိုင်ကြသူများဖြစ်မှု) အပေါ် မူတည်ပြီး ၊ အချို့မှာ လူတန်းစား (နိုင်ငံတော်အပါအဝင် အခြားသော ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ကွဲပြားသည့် ဆက်ဆံရေးမျိုးရှိသောကြောင့် အထက်တန်းလွှာများ၏ ခွဲခြားဆက်ဆံမှုနှင့်ပတ်သက်၍ ကွဲပြားသည့် နားလည်မှုမျိုးရှိသည့်) အပေါ်မူတည်လျက်ရှိသည်။

၇။ **လူမျိုးကြီးဝါဒသည် ဗမာလူမျိုးတစ်ခုတည်းမှ ထွက်ပေါ်လာခြင်း မဟုတ်ပါ -**

- <u>အဆင့်ဆင့်ဖိနှိပ်ခြင်း</u> - (ပြည်နယ် သို့မဟုတ် တိုင်း) နယ်မြေခွဲတစ်ခုအတွင်း ကြီးစိုးလျက်ရှိသော/ လူများစုဖြစ်သော တိုင်းရင်းသားလူမျိုးစုများသည် ဗမာလူမျိုးကြီးဝါဒ ပုံစံကဲ့သို့ ဖိနှိပ်ခွဲခြားမှုများကို ကျူးလွန်ခြင်းများရှိနိုင်သည်။

- <u>အသားအရောင်ခွဲခြားမှု/ဘာသာရေးအမုန်းပွားမှုမှာလည်း ဗမာမဟုတ်သည့် လူမျိုးစုများ ခွဲခြားခံရခြင်းကဲ့သို့ပင်ဖြစ်သည်</u> - မွတ်ဆလင်များ (သို့မဟုတ်) တောင်အာရှ ရုပ်ရည်သွင်ပြင်ရှိသူများမှာလည်း ဗုဒ္ဓဘာသာ ကိုးကွယ်ခြင်းမရှိသည့် တိုင်းရင်းသားများ ခွဲခြားဆက်ဆံခံရသည့် ပုံစံမျိုးထက်ပို၍ ကွဲပြားခြားနားသော နည်းလမ်းများဖြင့် ခွဲခြားဆက်ဆံခံကြရသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ ကွဲပြားခြားနားမှုအခြေအနေကို ဗမာများကတစ်ဖက်၊ ဗမာမဟုတ်သူအားလုံးက တစ်ဖက်ဟူ၍ ရှုမြင်ဖော်ပြ၍ မရနိုင်ချေ။

# နိဒါန်း နှင့် သုတေသန ပြုလုပ်ရန် စေ့ဆော်မှု

မြန်မာနိုင်ငံ၌ ၂၀၂၁ ခုနှစ် စစ်တပ်က အာဏာသိမ်းမှုအပြီးတွင် ပြည်သူများမှာ မိမိတို့အပ်နှင်းထားသော အာဏာကို မတရားရယူမှုနှင့် တစ်စိတ်တစ်ပိုင်း ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ကူးပြောင်းရာမှ သွေဖယ်သွားမှုတို့ကြောင့် လမ်းများပေါ်သို့ထွက်ကာ ချီတက်ဆန္ဒပြခဲ့ကြသည်။ စစ်တပ်က ထုတ်ပြန်ထားသည့် တားမြစ်ချက်များနှင့် ခြိမ်းခြောက်မှုများကိုလျစ်လျူရှုကာ ဆိုရှယ်မီဒီယာပလက်ဖောင်းများ၊ အထူးသဖြင့် ဖေ့စ်ဘွတ်ခ် ပေါ်တွင် စစ်ကောင်စီဆန့်ကျင်ရေး လှုပ်ရှားမှုများကိုပြုလုပ်ခဲ့ကြသည်။ ဆိုရှယ်မီဒီယာကို အဓိက အားထားအသုံးပြုမှုကြောင့် ၎င်းမှာ တော်လှန်ရေးနှင့်ပတ်သက်သည့် အရေးကြီးသော သတင်းစကားများ ပေးပို့ရန်နှင့် အချေအတင် ငြင်းခုံပြောဆိုဆွေးနွေးမှုများပြုလုပ်ရန်အတွက် အရေးပါသော ပလက်ဖောင်းတစ်ခုဖြစ်လာသည်။[၅] အဆိုပါ အပြန်အလှန်ပြောဆိုမှုများတွင် မည်သည့်အကြောင်းရာများ ငြင်းခုံဆွေးနွေးပြောဆိုကြသည်ကို သိရှိလိုသည့် ရည်ရွယ်ချက်သည် ဤသုတေသနကို ပြုလုပ်စေရန် စေ့ဆော်ပေးခဲ့သည်။ တိတိကျကျပြောရမည်ဆိုပါက အဆိုပါ ဆွေးနွေးပြောဆိုမှုများသည် လက်ရှိဖြစ်ပွားလျက်ရှိသည့် တော်လှန်ရေးနှင့် စစ်တပ်အားအမြစ်ဖျက်ချေမှုန်းအပြီး ပေါ်ပေါက်လာမည့် လူ့အသိုက်အဝန်းအပေါ် မည်သို့သက်ရောက်မှုရှိနိုင်သည်နှင့် ပတ်သက်၍ လေ့လာဖော်ထုတ်ရန် သုတေသနပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တော်လှန်ရေး ကာလရှည်ကြာလာသောအခါ အဆိုပါကိစ္စရပ်များကို အချေအတင်ပြောဆိုဆွေးနွေးရန် လိုအပ်သည်မှာ ပိုမိုထင်ရှားလာသည်။ ၎င်းအချက်မှာ ကယားပြည်နယ်အတွင်း ပေါ်ပေါက်လာသည့် မဟာမိတ်အုပ်စုများအကြား နယ်မြေစိုးမိုးမှု၊ ဒေသန္တရအုပ်ချုပ်ရေးနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုလာကြသည့် အငြင်းပွားမှုက ပြတ်သားစွာ ဖော်ပြလျက်ရှိသည်။ ကယားပြည်နယ်၏ မြို့နယ်တစ်ခုအတွင်းရှိ လူထုစီမံအုပ်ချုပ်ရေးအဖွဲ့(PAT) က ဒေသတွင်း အုပ်ချုပ်ရေးဖော်ဆောင်ရန် ကြိုးပမ်းခဲ့ရာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) က အမျိုးသားညီညွတ်ရေးအစိုးရ (NUG[၆]) သည် ၎င်း၏ အခွင့်အာဏာကို ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC[၇]) က ထုတ်ပြန်ထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း ရှုမြင်ခဲ့သည်။ စစ်တပ်ဆန့်ကျင်ရေးအင်အားစုများ မကြာခဏ ထည့်သွင်းပြောဆိုလျက်ရှိသည့် ဖက်ဒရယ်စနစ်သည် လက်တွေ့ရရှိရန် ကြိုးပမ်းဆောင်ရွက်သည့်အချိန်တွင် အစမ်းအသပ်ခံရလျက်ရှိပြီး စိန်ခေါ်မှုများရှိကြောင်း ဖော်ပြနေပါသည်။[၈]

၅ Ryan, Megan and Van Tran. “Social Media as A Double-Edged Sword: The Evolution of Digital Repression & Resistance in Post-Coup Myanmar,” Prepared for V-Dem East Asia Regional Centre Online Workshop: “Democratic Backsliding in Southeast Asia?” 28-29-Mar-2022.

၆ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ လုပ်ပိုင်ခွင့်အရ ဖွဲ့စည်းခဲ့သည် စင်ပြိုင်အစိုးရဖြစ်သည်။ ၎င်းတွင် ဒီမိုကရေစီတိုက်ပွဲအတွင်း ပါဝင်ခဲ့သူအများအပြားစုစည်းပါဝင်သည်။ ၎င်းသည် စစ်ကောင်စီက ချမှတ်ထားသော ကန့်သတ်ချက်များကို ရှောင်လွှဲရန်အတွက် လုပ်ဆောင်နိုင်သည့် အခြေအနေမျိုးတွင် နိုင်ငံတော်၏ လုပ်ငန်းဆောင်တာများကို လျှို့ဝှက်စွာ လုပ်ဆောင်လျက်ရှိသည်။ သူတို့သည် စစ်ကောင်စီနှင့် မဟာမိတ်များက အရင်းမြစ်ရယူမှု သုံးစွဲနေမှုကိုဖြတ်တောက်ရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းသည် လူထုဆန္ဒနှင့် ခုခံနိုင်စွမ်းအား ဆက်လက်တည်ရှိနိုင်ရန် တစ်စိတ်တစ်ပိုင်းအနေဖြင့်နိုင်ငံအတွင်း အစိုင်အခဲကြီးမားလာသော လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများကို တုန့်ပြန်ဖြေရှင်းလျက်ရှိသည်။.

၇ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ပါဝင်သည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးလှုပ်ရှားသူများကို ကိုယ်စားပြုသည်။ ၎င်းသည် စစ်ကောင်စီကို ဆန့်ကျင်လျက်ရှိသော စုံလင်ကွဲပြားသည့် ပါဝင်လှုပ်ရှားသူများအကြား နိုင်ငံရေးဆွေးနွေးမှုများများ ဖြစ်ပေါ်လာစေရန် လမ်းကြောင်းတစ်ခု ဖန်တီးပေးလျက်ရှိသည်။ အဖွဲ့တွင် ပါဝင်ကြသူများမှာ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်အောက်က နိုင်ငံရေးအခင်းအကျင်းအသစ်ကို သဘောတူညီခဲ့ကြရာ လက်ရှိ မြန်မာ့သမိုင်းတွင် အကျုံးဝင်ပါဝင်မှု အရှိဆုံး နိုင်ငံရေးစကားလမ်းကြောင်းတစ်ခုကို ဖန်တီးပေးခဲ့သည်။ ပိုမိုသိရှိနိုင်ရန် https://www.usip.org/publications/2021/11/new-myanmar-forum-aims-unite-democratic-forces ကိုရှုပါ။

၈ အသေးစိတ်သိရန် Frontier Myanmar’s Political Insider, May 15, 2022 ကိုရှုပါ။.




**ပုံ ၁ - ”ဖက်ဆစ်စစ်တပ်အမြစ်ဖြုတ်”ဟုရေးသား ထားသည့် ဒစ်ဂျစ်တယ်သရုပ်ဖော်ပြချက် (ရင်းမြစ် - unknown)**

အဆိုပါဖြစ်ရပ်ကို ဗမာများနှင့် ဗမာမဟုတ်သည့်လူမျိုးများအကြား ခက်ခက်ခဲခဲ တည်ဆောက်ထားသည့် ပေါင်းစည်းမှုအား ခြိမ်းခြောက်စေနိုင်သည်ဟု ပြည်သူအချို့မှ သုံးသပ်ကြသော်လည်း အခြားသူများကမူ ထိုဖြစ်ရပ်မှ အကျိုးကျေးဇူးများရရှိခဲ့သည်ဟု သုံးသပ်ခဲ့သည်။ “အဆိုပါငြင်းခုံမှုများ တည်ရှိနေသင့်သည်။ မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် ငြင်းခုံပြောဆိုမှုမှာ အတွေးအခေါ် အယူအဆပိုင်းဆိုင်ရာများမှ ကျော်လွန်ရန် အခွင့်အရေးနည်းပါးခဲ့သည်ဖြစ်ရာ ကယားပြည်နယ်တွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်သည် စစ်အစိုးရအပြီး မြန်မာနိုင်ငံတွင် အမှန်တကယ်ရရှိလာမည့်ပုံစံအတွက် စိတ်လှုပ်ရှားဖွယ် အရိပ်အယောင်ကို ဖော်ပြနေသည်“ ဟု Frontier Myanmar တွင် ဖော်ပြခဲ့သည်။ အဆိုပါဆောင်းပါး၏ အစိတ်အပိုင်း တော်တော်များများတွင် အတိတ်မြန်မာ့နိုင်ငံရေးသမိုင်း၌ သဘောထားကွဲလွဲမှုကို အကြီးအကျယ်ဖိနှိပ်ထားကြောင်းနှင့် ထို့အတွက် ညီညွတ်ရေးတောင်းဆိုမှုများ ရှိကြောင်း အသိအမှတ်ပြုထားသော်လည်း၊ တပြိုင်နက်တည်း ငြင်းပယ်ခံထားရကြောင်းလည်း ဖော်ပြထားသည်။[၉] မိမိတို့ အဓိက သတင်းအချက်အလက်ရယူခဲ့သူများထဲမှ တစ်ဦးက အဆိုပါ ငြင်းခုံပြောဆိုမှုများသည် ဆိုးကျိုးများထက် ကောင်းကျိုးများကိုသာ ပိုမိုဖြစ်ထွန်းစေသည်ဟု ခံစားခဲ့ရကြောင်းကို “တစ်ဖက်ကနေကြည့်ရင်တော့ အွန်လိုင်းကနေ စော်ကားပြောဆိုနေတာတွေကတော့ ပြဿနာတွေပေါ့။ ဒါပေမယ့် တခြားတစ်ဖက်ကနေ အကောင်းမြင်ပြီး ကြည့်မယ်ဆိုရင်တော့ အဲဒီလိုမျိုး ပြောဆိုတာတွေကြောင့် ခုဆို လူတွေက အွန်လိုင်းပေါ်ကနေ အလုပ်ကောင်းကောင်းလုပ်နေကြပြီ။ အဲဒီကိစ္စတွေကို အမှန်အကန်ကို ပြောနေကြပြီပဲ။ အဲဒီတော့ check and balance လုပ်ပြီး အပြန်အလှန်ထိန်းကျောင်းတာပဲလေ။ သူတို့တွေ ဂရုစိုက်ပြီး နားထောင်မယ် မထောင်ဘူးတော့ သေချာမသိဘူး။ ဒါပေမယ့် အနည်းဆုံးတော့ အသံရှိတာပေါ့” ဟု ပြောဆိုခဲ့သည်။

ယခုအစီရင်ခံစာတွင် သဘောထားကွဲလွဲမှုကို အသားပေးဖော်ပြရန်အတွက်သာ မတူညီသည့်အမြင်ရှုထောင့်များအား ဖောင်းပေးလေ့လာမည်မဟုတ်ပါ။ ငြင်းခုံဆွေးနွေးမှုများသည် မည်ကဲ့သို့ အကျိုးဖြစ်ထွန်းနိုင်သည်ကိုလည်း ဦးစားပေးဖော်ပြမည်ဖြစ်သည်။ တော်လှန်ရေးဘက်တော်သားများမှာ ၎င်းတို့၏ မတူကွဲပြားမှုများမှတဆင့် ပူးပေါင်းလုပ်ဆောင်ကာ ဘုံတူညီသောအခြေအနေတစ်ရပ်ကို ဖန်တီးရန်ကြိုးပမ်းနေကြရာ အကျိုးဖြစ်ထွန်းလျက်ရှိသည်။ ၎င်းတို့သည် “ရန်သူ၏ ရန်သူသည် မိတ်ဆွေဖြစ်သည်” ဟူသည့် ရေတို

၉ Walton, Matthew. “The disciplining discourse of unity in Burmese politics.” Journal of Burma Studies 19.1 (2015): 1-26.

နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုသည် အရေးတော်ပုံ၌ လူအများ ပါဝင်လာစေရန် မစွဲဆောင်နိုင်ဟု ယူဆထားကြသည်။ ကာလရှည်ကြာရှန်းကန်လာရသောအခါ လှုပ်ရှားမှု ဆက်လက်တည်တံ့စေရန် လိုအပ်သည်မှာ ပိုမိုကောင်းမွန်သော တိုင်းပြည်ကိုတည်ဆောက်ရန် အပြုသဘောဆောင်သည့် ပေါင်းစည်းရေး အမြင်များသာ ဖြစ်သည်။ ထို့ပြင် အဆိုပါ အချင်းပွားမှုများကြောင့် အရင်းအမြစ်များဆုံးရှုံးနိုင်မည့် အန္တရာယ်ရှိသလို တချိန်တည်းမှာပင် စံနှုန်းတူညီကြသော နိုင်ငံရေးအခြေအနေကိုဖန်တီးရန် အားမထုတ်ခဲ့ပါက ("မိမိတို့နှစ်ဘက်လုံးနှင့် ဘက်မတူသည့် စစ်တပ်ကိုဆန့်ကျင်တိုက်ခိုက်ရန်အတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြမည်"ဟူသည့်) ဗျူဟာမြောက် မဟာမိတ်ဖွဲ့မှု အားနည်းသွားနိုင်သည့် အန္တရာယ်လည်းရှိနေသေးသည်။ ဘုံသဘောတူညီမှုကို တည်ဆောက်ရာတွင် အဆိုပါ အတွင်းပိုင်း ဝိဝါဒကွဲပြားမှုများအား အသိအမှတ်ပြုရန်မှာ မရှိမဖြစ်အရေးပါသော အရာတစ်ခုအဖြစ် ထင်မြင်ယူဆဖွယ်ရှိသည်။ စင်စစ်တွင် အာဏာသိမ်းမှုကို တုန့်ပြန်ရင်ဆိုင်နေကြသော မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ သဘောထားကွဲပြားမှုများကို ဒီမိုကရေစီလှုပ်ရှားမှုများကို ဦးဆောင်နေသူများက နားလည်သဘောပေါက်ပါက လက်ရှိလျစ်လျူရှုခံနေရသည့် မတူညီသော အုပ်စုငယ်များအတွက်ပါ သီးခြားအစီအစဉ်များ ဆောင်ရွက်ပေးနိုင်ပါသည်။ ထို့အပြင် ခေါင်းဆောင်များသည် သဘောထားကွဲလွဲနေသော အခြေအနေများကို ဖြေရှင်းရန် ကြိုးပမ်းနိုင်ပြီး မြင်သာထင်သာမရှိသည့် တူညီမှုများအား ရှာဖွေပေါင်းစပ်ကာ နည်းလမ်းရှာနိုင်မည်ဖြစ်သည်။

ဆက်လက်၍ "Burmanization" နှင့် သက်ဆိုင်သည့် အကြောင်းအရာများအား အလေးပေး ရှင်းလင်းမဖော်ပြမီ သုတေသနနည်းလမ်းများနှင့် တော်လှန်ရေးလှုပ်ရှားမှုအတွင်း အမြင်ကွဲပြားမှုများအား အကျဉ်းချုပ်ဖော်ပြသွားမည်ဖြစ်သည်။

# သုတေသန နည်းလမ်းများ

ဤအစီရင်ခံစာကို ပြုစုရသည့် အဓိကရည်ရွယ်ချက်တစ်ခုမှာ မြန်မာနိုင်ငံ၏ အနာဂတ်နှင့်ပတ်သက်၍ အချေအတင်ပြောဆိုငြင်းခုံမှုများတွင်ပါဝင်သည့် စုံလင်ကွဲပြားသောအသံများကို ခွဲခြားသတ်မှတ်လိုခြင်း ဖြစ်သည်။ မြန်မာ့အရေးကိစ္စများနှင့် စပ်လျဉ်း၍ ပြည်သူများ အဓိက ဆွေးနွေးပြောဆိုကြသည့် နေရာများ ကို ခွဲခြားသတ်မှတ်ခဲ့သည်။ အဆိုပါ နေရာများမှာ သီးသန့်မဟုတ်သော်လည်း အများအားဖြင့် ဆိုရှယ်မီ ဒီယာပလက်ဖောင်းများ ဖြစ်နေသည်ကိုတွေ့ရသည်။ ထို့နောက်မိမိတို့သည် အဆိုပါ ဇာတ်ကြောင်းများ၏ အသွားအလာများနှင့် အပြန်အလှန်ဆက်သွယ်မှုများကို စုံစမ်းရှာဖွေခဲ့သည်။ ဥပမာအားဖြင့် မိမိတို့သည် အရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် တက်ကြွလှုပ်ရှားသူ အုပ်စုများ(တိုင်းရင်းသားများ အထွေထွေ သပိတ်ကော်မတီ၊ အိုးဝေ မဂ္ဂဇင်းနှင့် ဆီသို့စာစဉ် စသည်)နှင့် တိုင်းရင်းသား မီဒီယာများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်များကို သရုပ်ခွဲလေ့လာခဲ့သည်။ သို့သော် အချို့သော ပုဂ္ဂိုလ်များမှာ သီးသန့် ဇာတ်ကြောင်းအခွဲများနှင့်ပတ်သက်၍ အထင်ကရရှိသူများ (သို့မဟုတ်) ကိုယ်စားပြုသူများ ဖြစ်လာကြသည်ဟု မိမိတို့ အနုမာနပြုခဲ့ကာ နွေဦးတော်လှန်ရေးခေါင်းဆောင်များနှင့် ဝေဖန်အကြံပြုသူများဖြစ်ကြသည့် တေဇာ ဆန်း၊ အိသင်ဇာမောင်၊ ပန်ဆယ်လို နှင့် နော်မေဦး (မူတြော်)တို့၏ အများပြည်သူ မြင်သာအောင်တင်သော ဖေ့စ်ဘွတ်ခ်ပို့စ်များကို သရုပ်ခွဲလေ့လာခဲ့သည်။ (၎င်းတို့ကို အဘယ်ကြောင့်ရွေးချယ်ခဲ့ရခြင်းအား သိရှိရန် နောက်ဆက်တွဲ ၁ ကိုကြည့်ပါ) အဆိုပါ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များမှာ လူသိများသည့်အလျောက် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ယေဘုယျအားဖြင့်သာဖော်ပြပြီး သီးသန့် ဇာတ်ကြောင်းအခွဲများ၏ ကိုယ်စားပြုသူများဖြစ်မလာဘဲ ဆန့်ကျင်ဘက်ဖြစ်သော တော်လှန်ရေးအတွင်း စိတ်ဓါတ်တက်ကြွလာစေရန် လှုံ့ဆော်သူများအဖြစ်သို့ပြောင်းလဲသွားရာ အဆိုပါအနုမာနမှာ သုတေသနပြုလေ့လာရာတွင် အထောက်အပံ့ မဖြစ်ခဲ့ချေ။ အဓိက ပါဝင်ဖြေဆိုခဲ့သူ တစ်ဦးဖြစ်သည့် (R-11)မှ "ဆိုရှယ်အင်ဖလူရမ်ဇာတွေက ဘာကိစ္စကို မှ သိပ်မပြောရဲကြဘူး။ နာမည်ကြီးလာလေလေ ဝေဖန်တာတွေ နည်းလာလေလေပဲ" ဟုပြောကြားခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ ဖေ့စ်ဘွတ်ခ်သည် အတန်အသင့် လွတ်လပ်မှုရှိသည့် ဝဘ်ဆိုက်တစ်ခုဖြစ်ရာ အများပြည်သူ မြင်သာအောင်တင်သော ပို့စ်အောက်တွင် မည်သူမဆို လွတ်လပ်စွာ မှတ်ချက်ပြုနိုင်သောကြောင့်ဖြစ်သည်။ မိမိတို့သည် ထင်ရှားကျော်ကြားသောပုဂ္ဂိုလ်များ၏ ပို့စ်အောက်တွင် ယေဘုယျအားဖြင့် ပြည်သူများက သူ တို့၏ ကိုယ်ပိုင်ထင်မြင်ချက်များကို မည်ကဲ့သို့ အဓိပ္ပါယ်ကောက်ယူ နားလည်ခဲ့ကြကြောင်း ဖော်ထုတ် နိုင်ခဲ့ကြသည်။ (၎င်းတို့၏ ဖေ့စ်ဘွတ်စာမျက်နှာများအား စစ်ဆေးရာတွင် အသုံးပြုသည့်နည်းလမ်းများအား နောက်ဆက်တွဲ ၁ တွင်ကြည့်ပါ)

ဆိုရှယ်မီဒီယာပေါ်၌ သရုပ်ခွဲလေ့လာ၍အပြီးတွင် အဓိက ပါဝင်ဖြေဆိုသူ ၂၁ ဦးကို အင်တာဗျူးမေးမြန်းကာ သတင်းအချက်အလက်ရယူခဲ့သည်။ ရှေးဦးစွာ အွန်လိုင်းပေါ်၌ ထင်ရှားကျော်ကြားသူ ၆ ဦးကို အင်တာဗျူး မေးမြန်းရာတွင် ၎င်းတို့ပေးပို့လိုသည့် သတင်းစကားများကို မည်သည့်ပုံစံဖြင့် ပြောကြားခဲ့သည်နှင့် ပတ်သက်၍ စူးစမ်းရှာဖွေရန် ကြိုးပမ်းခဲ့သည်။ ထို့နောက် ကျန်ရှိသော အင်တာဗျူးမေးမြန်းမှုများကို ထိုင်း နိုင်ငံ၊ မဲဆောက်မြို့နှင့် ချင်းမိုင်မြို့တို့သို့ လေ့လာလာရေးခရီးသွားရောက်ခဲ့စဉ်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအင်တာဗျူးများတွင် ပါဝင်ဖြေဆိုသူများကို ထင်ရှားကျော်ကြားသူများအား မေးမြန်းခဲ့သော မေးခွန်း များနှင့် ကွဲပြားခြားနားသောမေးခွန်းများကိုသာ မေးမြန်းခဲ့ခြင်းဖြစ်သည်။ မိမိတို့သည် ၎င်းတို့ကို အွန်လိုင်းပေါ် တွင် ဆွေးနွေးပြောဆိုမှုများအပေါ် ထင်မြင်ယူဆခဲ့ပုံ၊ အဆိုပါ အွန်လိုင်းပေါ်မှ အခြေအနေအကြောင်းအရာ များနှင့် ပါဝင်ပတ်သက်ခဲ့ပုံ၊ အဘယ်ကြောင့်ထိုကဲ့သို့ ပါဝင်ပတ်သက်ခဲ့ပုံနှင့် အဆိုပါ အမြင်ကွဲပြားမှုများကို မည်ကဲ့သို့ထင်မြင်ယူဆခဲ့ကြောင်း မေးမြန်းခဲ့သည်။ ဖြေဆိုသည့်ပုဂ္ဂိုလ် အများစုမှာ အများအားဖြင့် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် think-tank အဖွဲ့အစည်းများမှ ခေါင်းဆောင်ပိုင်း

ရာထူးများကို ရယူထားသည့် ထိပ်တန်းပုဂ္ဂိုလ်များဖြစ်ကြသည်။ လူအချို့သည်သာ အလုပ်သမားများနှင့် ဆရာများဖြစ်ကြသည်။

စစ်အာဏာသိမ်းမှုနှင့်ပတ်သက်သည့် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စာတမ်းများကိုလည်း တတ်နိုင်သမျှ သရုပ်ခွဲလေ့လာခဲ့သည်။ ဦးဆောင် သုတေသနပညာရှင်အနေဖြင့် လွန်ခဲ့သောနှစ် သုံးဆယ်ခန့်က Burmanization နှင့် ပတ်သက်၍ တဆင့်ခံ လေ့လာပြုစုထားသည့် စာတမ်းများကိုလည်း[၁၀] ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့သည်။ သုတေသနဖြစ်စဉ်အတွင်း နိုင်ငံရေးဝါဒစုံရပ်ဝန်းနှင့် မတူညီသည့် ပလက်ဖောင်းများမှ ပါဝင်ဖြေဆိုခဲ့သူများမှာ လူမျိုးရေးခွဲခြားမှုကို အရေးပါသော အရေးကိစ္စတစ်ရပ်အဖြစ် ရှုမြင်ခဲ့ကြသည်။ သို့ဖြစ်ရာ မိမိတို့သည် လူမျိုးရေး၊ဘာသာရေး ပဋိပက္ခများကဲ့သို့ အကြောင်းအရာကို ကနဦး ဦးစားပေးလေ့လာခြင်းမရှိခဲ့သော်လည်း ဆက်လက်၍ သုတေသနပြုလုပ်သည့်ကာလအတွင်း အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ မေးခွန်းများကို ပွင့်လင်းစွာ စတင်မေးမြန်းခဲ့သည်။

နောက်ဆုံးအနေဖြင့် သုတေသန၏ လျှင်မြန်သော သဘောသဘာဝနှင့် အရည်အသွေးစံနှုန်းပြုနည်းလမ်း (qualitative method) ကို အသုံးပြုကာ လေ့လာထားခြင်းတို့ကြောင့်၊ အောက်ဖော်ပြပါ မည်သည့်တွေ့ရှိချက်ကိုမဆို ပိုမိုကျယ်ပြန့်စွာ လွှမ်းခြုံမှုရှိသည်ဟု မယူဆစေလိုပါ။ စင်စစ်အားဖြင့် ဤသုတေသန၏ အဓိကရည်ရွယ်ချက်မှာ နာမည်ကျော်ပုဂ္ဂိုလ်များ၏ အမြင်များနှင့် ဆန့်ကျင်ဘက် ဘေးသို့ဖယ်ထုတ်ခြင်းခံထားရသော၊ တစ်နည်းအားဖြင့် လျစ်လျူရှုခံထားရသော အခြေအနေ အကြောင်းအရာများနှင့်စပ်လျဉ်းပြီး အယူအဆများကို ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ ဆက်စပ် ရည်ရွယ်ချက်တစ်ခုမှာ ဒီမိုကရေစီလှုပ်ရှားမှုအတွင်း ပါဝင်လျက်ရှိသည့် ပုဂ္ဂိုလ်များက မေးမြန်းလာနိုင်သည့် မေးခွန်းအသစ်များအတွက် တိကျသေချာသည့် အဖြေများရှာဖွေခြင်းထက် အဆိုပါမေးခွန်းများကို စောင့်ကြည့်မှတ်သားရန်အတွက် စုံစမ်းရေးလမ်းကြောင်းများကို ရှာဖွေရန်ဖြစ်သည်။

၁၀ နောက်ဆက်တွဲ၊ (၂) လေ့လာဖတ်ရှုခဲ့သော်လည်း ကိုးကားခြင်း မပြုခဲ့ရသော ရင်းမြစ်များကိုရှုပါ။

# အပိုင်း (၁)

## သဘောထားကွဲမှုများအား အနှစ်ချုပ်ဖော်ပြချက်

အစီရင်ခံစာ နှစ်ဒါဇင်ခန့်နှင့် စုဆောင်းရရှိထားသော အကိုးအကားများတွင် စစ်အာဏာသိမ်းဆန့်ကျင်ရေး လူထုအုံကြွမှုနှင့် စပ်လျဉ်း၍ “Gen Z” လူငယ်များအား အလွန်အရေးပါသူများအဖြစ် ပုံဖော်ရန်ကြိုးပမ်းမှု အများအပြားအားတွေ့ရှိခဲ့ရသည်။[၁၁] သို့သော် အခြားသော အစီရင်ခံစာများတွင် အလုပ်သမားများ၊[၁၂] စစ်သားများ၊[၁၃] နှင့် တိုင်းရင်းသားလူမျိုးများ[၁၄] ၏ လှုပ်ရှားမှုများတို့၏ အရေးပါမှုအား အလေးပေး ပြောဆိုရေးသားခဲ့ကြသည်။ သာမန် NLD ပါတီ ထောက်ခံသူများ၏ ပါဝင်မှုမှာမူ ဂရုတစိုက် လေ့လာဖော်ပြခံရခြင်းမရှိချေ။ စုမွန်သန့်မှာ ဒီမိုကရက်များ၊ ဖယ်ဒရယ်လစ်များ၊ နှစ်မျိုးလုံးအား ထောက်ခံသူများ ဟူ၍ နိုင်ငံရေးဆက်နွယ်မှုများ[၁၅] အပေါ်မူတည်၍ အုပ်စုခွဲခဲ့ခြင်းမရှိသော်လည်း၊ မိမိတို့လက်ကိုင်ထားသည့် သရုပ်ခွဲလေ့လာခြင်း နည်းလမ်းအရ ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများအပေါ် အလေးပေးအာရုံစိုက်ထားခြင်းမရှိပေ။ သို့သော် ဖေ့စ်ဘုတ်ပေါ်မှ မတူညီသည့် ဇာတ်ကြောင်းများအကြောင်း အင်တာဗျူးများမှတဆင့် လုပ်ဆောင်ခဲ့သော မိမိတို့၏ သုတေသနသည် အမျိုးအစားကွဲပြားသည့် နိုင်ငံရေးအရ သဘောမတူညီမှုများ၏ တည်ရှိမှုကို ထုတ်ဖော်ပြသခဲ့သည်။ မိမိတို့ရှာဖွေတွေ့ရှိခဲ့သော အရေးပါသည့် အငြင်းပွားမှုနယ်ပယ်များအား အောက်တွင်ဖော်ပြသွားမည်ဖြစ်သည်။

## နည်းဗျူဟာအရ ကွဲပြားမှုများ

အာဏာသိမ်းမှု တစ်နှစ်အတွင်းသို့ရောက်လာသောအခါ ဦးဆောင်သူများနှင့် သာမန်အရပ်သားများသည် တော်လှန်ရေးမှာ အချိန်မည်မျှ ဆက်လက်ကြာမြင့်မည်နှင့်ပတ်သက်၍ မေးခွန်းထုတ်လာကြသည်။ (ပုံ- ၂ နှင့် ပုံ- ၃ တွင်ရှု) လက်နက်ကိုင်တော်လှန်ရေးသည် မည်သည့် အခန်းကဏ္ဍ၌ ပါဝင်သင့်သည်နှင့်ပတ်သက်၍ မေးခွန်းထုတ်ခဲ့ကြသည်။ ဆိုရှယ်မီဒီယာသည် သုံးစွဲသူများအတွက် အကျိုးဖြစ်ထွန်းစေသည် သို့မဟုတ် ဘေးဖြစ်စေလျက်ရှိသည် စသည်တို့နှင့်ပတ်သက်၍ မေးခွန်းထုတ်ခဲ့ကြသည်။ ငြင်းခုံဆွေးနွေးမှုအားလုံးမှာ စစ်ကောင်စီကို အကောင်းဆုံးနည်းလမ်းဖြင့် ထိရောက်စွာ တွန်းလှန်နိုင်ရန်အတွက်ဖြစ်သည်။

လက်နက်ကိုင်တော်လှန်ရေးနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် NUG အစိုးရက “ပြည်သူ့ခုခံစစ်”ကို တရားဝင်ထုတ်ပြန်ကြေညာသည့် အချိန်တွင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF) များမှာ မိမိတို့အစီအစဉ်ဖြင့် ခုခံကာကွယ်လျက်ရှိနေပြီး မြို့ပြနေရာများတွင် မြေအောက်မြို့ပြပြောက်ကျားများက စစ်ကောင်စီအဖွဲ့ဝင်များနှင့် အဆောက်အအုံများကို ပစ်မှတ်ထား၍သော်လည်းကောင်း (ပစ်မှတ်မထားဘဲ

---

၁၁ Jordt, Ingrid, Tharaphi Than, Sue Ye Lin. “How Generation Z galvanised a revolutionary movement against Myanmar’s 2021 military coup,” Singapore: ISEAS, 2021. RSNT (Real Stories Not Tales) “A Collection of Youth Stories from Post-Coup Myanmar,” Part I (2021) and II (2022); Su Mon Thant, “In the wake of the coup: how Myanmar youth arose to fight for the nation,” Heinrich-Böll-Stiftung, 2021. Chiu, Francesca. “Personal struggles, political lens: how the coup unites and divides Myanmar’s youth,” TeaCircle Oxford, 17-Jan-2022.

၁၂ Ko Maung. “Myanmar’s Spring Revolution: a history from below,” Open Democracy. 15-Dec-2021; Khin Thazin. “Keeping the Streets: Myanmar’s Civil Disobedience Movement as Public Pedagogy,” PRATA 1.1, 2021; Aung, Geoffrey. “Dead Generations”, N+1, 8-Apr-2021.

၁၃ Kyed, Helene, and Ah Lynn. “Defecting soldiers are a significant symbolic blow to Myanmar’s military rule.” Danish Institute for International Studies, 16 November 2021.

၁၄ Min Naing Soon. “The Current Crisis in Myanmar: The Different Political Position of the Mon People, Transnational Institute, 2-Nov-2021; Kun Wood. “The Need to Review Mon Politics: An Eight-Month Journey under Dictatorship,” Transnational Institute, 2-Nov-2021; RSNT (2021; 2022).

၁၅ စုမွန်သန့် (၂၀၂၁) က ဒီမိုကရက်ဆိုသည်ကို ရွေးကောက်ပွဲရလဒ်ကို အခြေခံသည့် NLD အစိုးရ (သို့မဟုတ်) အဝေးရောက် NUG အစိုးရ၏ အုပ်ချုပ်မှု (သို့မဟုတ်) CRPH ၏ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် အရ လမ်းစဉ်ချမှတ်ကာ၊ ဖက်ဒရယ် အခြေခံ ဥပဒေအားရေးဆွဲပြီး ပြည်သူ့ဆန္ဒခံယူ၍ ဖွဲ့စည်းမည့် အစိုးရအသစ်တစ်ရပ်ကို ထောက်ခံကြသူများ “ဟူ၍လည်းကောင်း (၁၀) ၂၀၀၈ အခြေခံဥပဒေမှာ ဖျက်သိမ်းပြီးဖြစ်ရာ ၎င်းအောက် ကကျင်းပသည့် ၂၀၂၀ ရွေးကောက်ပွဲရလဒ်အရဖွဲ့စည်းမည့် အစိုးရ အာဏာပြန်လည်ရရှိရေးကို ငြင်းပယ်လျက်ရှိသူများအား ဖက်ဒရယ်စနစ်အားလိုလားကြသူများဟူ၍ လည်းကောင်း (၁၁) အားလုံးအတွက် အခြေခံလူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ညီမျှခြင်းတို့အား အာမခံချက်ပေးသည့် တရားမျှတသောလူ့အသိုက်အဝန်းအားရရှိလိုသူများအား အင်တာဆက်ရှင်နယ်လစ်များဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုသည်။



ပုံ ၂ - "အစတည်းကပြောသားပဲ ဦးတည်ချက်မတူရင် ခွမထိုင်နဲ့လို့" အဖြေ - "အား ဖင်ကွဲတော့မယ်"



ပုံ ၃ - တော်လှန်ရေးက ဘယ်တော့ပြီးမှာလဲဗျ။ အဖြေ- "အာမချောင်ပဲ ကိုယ်တိုင်ပါဝင်ကူညီရင်တော့ မြန်မြန်ပြီးတာပေါ့ကွ"

သော်လည်းကောင်း) ဦးဆောင်၍ ဖုံးခွဲ တိုက်ခိုက်နေနှင့်ပြီးဖြစ်ရာ မြေပြင်တွင် အမှန်တကယ် ဖြစ်ပွားလျက်ရှိသည့် အခြေအနေထက် လပေါင်းများစွာ နောက်ကျလျက်ရှိသည်။

စစ်ကောင်စီက ပြုလုပ်သည့်ဆွေးနွေးပွဲများကို တက်ရောက်ခဲ့သည့် ထင်ရှားသော နိုင်ငံရေးပါတီ တစ်ခု၏ ဥက္ကဋ္ဌတစ်ဦးဖြစ်သော ပါဝင်ဖြေဆိုခဲ့သူတစ်ဦးကမူ ၎င်းသဘောတူလက်မှတ်ရေးထိုးခဲ့သည့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးတို့နှင့်ပတ်သက်၍ မေးမြန်းရာတွင် " စစ်ဘေးရှောင်တွေ ဒုက္ခသည်ဦးရေတွေ များပြားလာပြီး စီးပွားရေးကလည်းကျဆင်းနေတယ်။ ဒီအခြေအနေကြီးက ဘယ်လောက်ထိကြာလိမ့်မယ်ဆိုတာကို ကျွန်တော်တို့တွေ မသိနိုင်ဘူး။ ဒီလိုမျိုးအုပ်ချုပ်သူမရှိတဲ့ မင်းမဲ့အခြေအနေမျိုးက ဘယ်လောက်ကြာမယ်မှန်း မသိဘူး။ ဒီလိုမျိုး အချိန်ကြာလာနိုင်တဲ့ မင်းမဲ့စရိုက်တွေနဲ့ အမှောင်ကာလကြီးကို လူတိုင်းတွေးကြည့်သင့်တယ်။ မြန်မာပြည်ကြီးကနေ နိုင်ငံအသေးလေးတွေ အများကြီးကွဲထွက်လာပြီး

လက်နက်ကိုင်အုပ်စုတွေက ကိုယ့်နယ်မြေတွေနဲ့ကိုယ် စီမံခန့်ခွဲနေတာမျိုးလည်းဖြစ်နိုင်တယ်”ဟူ၍ ဖြေကြားခဲ့သည်။ “မင်းမဲ့စရိုက်”[၁၆] ဟူသည့် စကားလုံးကို စစ်တပ်က နှစ်ငါးဆယ်ကျော်ကြာအသုံးပြုရာ ယခုအခါတွင် လူလတ်တန်းစားနှင့် အထက်လွှာနိုင်ငံရေးသမားများကလည်း အဆိုပါ စကားလုံးကို သုံးစွဲလျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ပါဝင်ဖြေဆိုခဲ့သည့် နိုင်ငံရေးခေါင်းဆောင်မှာ စစ်တပ်နှင့် ရပ်တည်ချက်ခြင်းတူညီသည်ဟု ဆိုလိုခြင်းမဟုတ်ချေ။ သို့သော် နိုင်ငံရေးအယူအဆ အမျိုးမျိုးကွဲပြားသည့် လူလတ်တန်းစားနှင့် အထက်လွှာ နိုင်ငံရေးသမားများမှာ ပြည်သူများ မည်သည့်အရာကို အစိုးရိမ်သင့်ဆုံး ဖြစ်သင့်သည်နှင့်ပတ်သက်၍ တူညီသော အထက်စီးဆန်သည့် အမြင်မျိုးရှိကြသည်မှာ မှတ်သားဖွယ်ဖြစ်သည်။ အခြားသူများမှာ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းသည် ရှေ့မတိုးနောက်မဆုတ်သာသည့် အနေအထားကို ချိုးဖျက်လိမ့်မည်ဟု အကြံပြုကာ (ပုံ ၂ မှ ကြားနေခွဲထိုင်မှုသည် ရေရှည်မတည်မြဲနိုင်ကြောင်း ဝေဖန်ပြောဆိုထားသည်၊ ပုံ ၃ မှ ပူးပေါင်းလုပ်ဆောင်ပါက အတူတကွဖြေရှင်းနိုင်ကြောင်း အကြံပြုထားသည်) မိမိတို့၏ သုတေသနတွေ့ရှိချက်အရမူ ဆက်လက်ဖြစ်ပွားလျက်ရှိသော ရှေ့မတိုးနောက်မဆုတ်ဖြစ်မှု၏ ရလဒ်မှာ ရှင်းလင်းကွဲပြားမှုမရှိသေးကြောင်း ပြသလျက်ရှိသည်။ ပြည်သူလူထုမှာ နွမ်းလျအားလျော့နေသော်လည်း မေးမြန်းမှုများတွင် ပါဝင်ဖြေဆိုခဲ့သူများကမူ “ကျွန်တော်/ ကျွန်မတို့ စောင့်ကြည့်ရမှာပဲ” (သို့မဟုတ်) “တော်လှန်ရေးက လာတော့လာမယ် ဒါပေမယ့် ကြာလိမ့်မယ်” ဟူ၍ ဖြေဆိုခဲ့ခြင်းကြောင့် လက်ရှိအချိန်အခါက တော်လှန်ရေးဘက်တော်သားများအတွက် အခါကောင်း မဟုတ်သေးကြောင်း ပြသရာရောက်သည်။ အလားတူပင် တော်လှန်ရေးသမားများသည် “(၁) စစ်တပ်အားအမြစ်ပြတ် ချေမှုန်းရမည်” ဟူသည့်အချက်နှင့် “မဝေးတော့ အနာဂတ်တွင် စစ်တပ်သည် ပုံစံတစ်မျိုးမျိုးဖြင့် ဆက်လက်တည်ရှိနေနိုင်ဖွယ်ရှိသည်” ဟူသည့်အချက် နှစ်ခုလုံးမှာ တပြိုင်နက် မှန်ကန်လျက်ရှိသည့် အနေအထားနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

## ကျင့်ဝတ်ပိုင်းဆိုင်ရာ အငြင်းအခုံများ/ ဗျူဟာပိုင်းဆိုင်ရာနှင့်ပတ်သက်၍ စိုးရိမ်မှုများ


တိုက်ပွဲများဖြစ်ပွားလာသောအခါ ဒေသခံကာကွယ်ရေးတပ်ဖွဲ့ PDF များမှာ အငြင်းအခုံဖြစ်ဖွယ်ရာ အကြောင်းအရာတစ်ရပ်ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအုပ်စုများမှာ ဗဟိုချုပ်ကိုင်မှုနှင့် ဝေးကွာလျက်ရှိနေသော (သို့မဟုတ်) ပြတ်တောက်လျက် ရှိနေသောကြောင့် ဖြစ်သည်။ အဆိုပါ PDF များသည် ၎င်းတို့၏ နယ်မြေများကို ကာကွယ်စောင့်ရှောက်ရန်နှင့် စစ်တပ်အား တိုက်ခိုက်ရန် အနည်းနှင့်အများ ကတိကဝတ်ပြုထားကြသည်။ PDF အချို့မှာ NUG ၏ ကွပ်ကဲမှုအောက်တွင်ရှိပြီး အချင်းချင်းချိတ်ဆက်[၁၇] ဆောင်ရွက်ကြသည်။ သို့သော် အခြား PDFများမှာ (၁) အမိန့်ပေးကွပ်ကဲမှုစနစ်မရှိဘဲ (ဒေသအဆင့်အထက် တာဝန်ခံစရာမရှိဘဲ)လုပ်ဆောင်နေကြခြင်း (၂) ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး (သို့မဟုတ်) အခြား လက်နက်ကိုင်အုပ်စုများနှင့် အချင်းချင်းသစ္စာစောင့်သိမှု (သို့မဟုတ်) အလေးထားမှု အနည်းငယ်မျှသာ ရှိသည်။ ယင်းအချက်သည် အခြားနိုင်ငံရေးအုပ်စုများအဖို့ တရားဝင်မှုဖော်ဆောင်ရာတွင် အကျပ်အတည်း ဖြစ်စေခဲ့သည်။ ဥပမာအားဖြင့် NUG သည် ပြည်တွင်းနေများနှင့် ပြည်ပရောက်မြန်မာများက လှူဒါန်းသည့် ရန်ပုံငွေများ ရရှိနေသော်လည်း လက်တွေ့တွန်းလှန်တိုက်ခိုက်နေသည့် မြေပြင်နှင့် ကင်းကွာလျက်ရှိသည်ဟု စွပ်စွဲပြောဆိုခြင်းများခံနေရသည်။ NUG အဖွဲ့ဝင်များမှာ လစာအမြောက်အမြား ရယူထားသော်လည်း ပြည်သူလူထုနှင့် ကင်းကွာနေသည်ဟု[၁၈] ခံစားနေရသည့် မြေပြင်တော်လှန်ရေးသမားများကို မိမိတို့ မေးမြန်းခဲ့သည်။ NUG တွင် ထိပ်တန်းရာထူး ရယူထားသူများမှာ လစာအမြောက်အမြား ရယူထားသည်ဟူသည့် သက်သေအထောက်အထား မရှိသော်လည်း စစ်ကောင်စီကိုတော်လှန်ရန် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ရှိနေသည့် မြေပြင်တက်ကြွလှုပ်ရှားသူများနှင့် မေးမြန်းထားချက်အရ ထိုကိစ္စမှာ အမှန်သဖွယ် ယူဆစရာဖြစ်နေသည်။ PDF များကို ရှမ်းပြည်နယ်သို့ မဝင်ရောက်ရန် သတိပေးခဲ့သည့် (RCSS မှ ရွက်ဆစ်ကဲ့သို့) EAO

---

၁၆ မင်းမဲ့စရိုက်

၁၇ Independent Research Network. “Myanmar’s Shifting Pro-Democracy Movement: Reviewing its adaptations and resilience amid mounting pressure.” June 2022.

၁၈ ပြည်သူလူထုနဲ့ကင်းကွာတာ




**ပုံ ၄ - ယနေ့မြန်မာပြည်၏ ကွဲပြားမှုများကို ဖော်ပြသည့် ထင်ရှားသော Meme**

များမှာလည်း (ပြည်ထောင်စု တည်ဆောက်ရေး ပန်းတိုင်ထက်) လူမျိုးစု အမျိုးသားရေး ပန်းတိုင်ကိုသာ ဦးတည်ပြီး ၎င်းတို့၏ နယ်မြေနှင့် အကျိုးစီးပွားများ ကာကွယ်ရန်အတွက် အလေးထားလျက်ရှိသည်။

PDF များက အခြားအဖွဲ့အစည်းများကို သစ္စာခံမှုမရှိသည့်အတွက် ဝမ်းနည်းစရာ နောက်ဆက်တွဲရလဒ်အဖြစ် PDF တပ်ဖွဲ့များ အချင်းချင်းအကြား တိုက်ခိုက်မှုများ ဖြစ်ပေါ်လာစေခဲ့သည်။ အဆိုပါ သတ်ဖြတ်မှုများကို တော်လှန်ရေးကို အကျိုးမပြုသည့်၊ အပြစ်ပေးမှုမှကင်းလွတ်ခွင့်အတွက် သက်သေပြစရာ ဖြစ်ရပ်အဖြစ် ပြောဆိုသတ်မှတ်ကြသည်။ YT ဟူ၍ ကျွန်ုပ်တို့ခေါ်ဝေါ်သုံးစွဲမည့် အာဏာသိမ်းမှုမတိုင်ခင်၌ပင် ရိုဟင်ဂျာအရေးနှင့်ပတ်သက်၍ လူထုအားပြောဆိုစည်းရုံးခဲ့သူ လူလတ်တန်းစား အထက်အလွှာ အမျိုးသမီးငယ်တစ်ဦးဖြစ်သည့် ပါဝင်ဖြေဆိုခဲ့သူတစ်ဦးကမူ အဆိုပါ PDF များကို ရှုတ်ချခဲ့သည်။ သူမသည် အတွေးအခေါ်တော်လှန်ရေးနှင့် လက်တွေ့ပစာနဝါဒကို ကိုင်စွဲခြင်းထက် "မူများ" ကို အခြေပြုပြီးသာ တော်လှန်ကြရန် ထောက်ခံပြောဆိုစည်းရုံးခဲ့သည်။ ၎င်းအချက်နှင့်ပတ်သက်၍ သူမ၏ နေရာရယူထားမှုကိုလည်း NUG နည်းတူ ရှုတ်ချခြင်းခံခဲ့ရသည်။ သူမမှာ မြေပြင်နှင့်ကင်းကွာလျက်ရှိကာ တော်လှန်ရေးသမားများ လက်တွေ့ကြုံတွေ့နေရသည့် အရှိတရားများနှင့် လိုက်လျောညီထွေမဖြစ်ပဲ ကျင့်ဝတ်များနှင့်ပတ်သက်၍သာ အထက်စီးကနေပြီး ဝေဖန်ပြောဆိုလျက်ရှိသည်ဟု ရှုမြင်ခံရသည်။ ၎င်းမှာမိုမိုကျယ်ပြန့်သောရှုထောင့်တစ်ခုဆီသို့ ဦးတည်စေသည်။ အဆိုပါရှုထောင့်မှနေ၍ မည်ကဲ့သို့သောသူများကို ပစ်မှတ်ထားပြီး လူမှုရေး (သို့မဟုတ်) အခြားပြစ်ဒဏ်များပေးသင့်သည်နှင့်ပတ်သက်၍ အခြေအတင်ငြင်းခုံမှုများဖြစ်လာသည်။ စစ်သားများနှင့် ရဲများမှာ သင့်လျော်သည့် ပစ်မှတ်များဖြစ်သော်လည်း ၎င်းတို့၏ မိသားစုများကို ပစ်မှတ်ထားရန်အတွက်မှာ အဘယ့်

ကြောင့်နည်း။ စစ်ကောင်စီခန့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှာ သင့်လျော်သည့် ပစ်မှတ်များဖြစ်သော်လည်း ၎င်းတို့၏ စာရေးများ (သို့မဟုတ်) အကူဝန်ထမ်းများကို ပစ်မှတ်ထားရန်အတွက်မူ အဘယ်နည်း။ အစိုးရ အင်စတီကျူးရှင်းများနှင့် ပြန်လည်၍ ဆက်ဆံခြင်းကြောင့် ပစ်မှတ်ထားရန်အတွက်မူ အဘယ်နည်း။ ပြည်သူများသည် အစိုးရဆေးရုံများ၌ ကျန်မာရေးစောင့်ရှောက်မှုရယူရန် သင့်တော်ခြင်းရှိပါသလား။ ကျောင်းသားများ ကျောင်းပြန်တက်ရန် ငြင်းဆိုသင့်ပါသလား။[၁၉] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း EAO တစ်ခုမှ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း EROတစ်ခုဖြစ်လာရန် မည်သည်တို့ကို လုပ်ဆောင်ရမည်နည်း။ တနည်းဆိုရသော် ERO များသည် ၎င်းတို့အပေါ် ကျိုးကြောင်းဆီလျော်စွာ တောင်းဆိုသည့် ကိုယ်ကျင့်တရားဆိုင်ရာ တောင်းဆိုချက်များအား ကြားသိရပါသလား။ သို့တည်းမဟုတ် ၎င်းတို့သည် ၎င်းတို့၏ အဖွဲ့အစည်းအတွက် (သို့မဟုတ်) ၎င်းတို့၏ တိုင်းရင်းသားနယ်မြေများကိုသာ ကာကွယ်စောင့်ရှောက်ပါသလား။

## မျိုးဆက်ပိုင်းဆိုင်ရာအရ ကွဲပြားမှု

အာဏာသိမ်းဆန့်ကျင်ရေးလူထုအုံကြွမှု၏ အစောပိုင်းနေ့ရက်များတွင် (ရံဖန်ရံခါတွင် အင်္ဂလိပ်ဘာသာဖြင့်) ကျွမ်းကျင်ထိမိစွာရေးသားထားသော ဆန္ဒပြဆိုင်းဘုတ်များအား ကိုင်ဆောင်ထားသည့် ရဲရင့်သော မြန်မာလူငယ်များ၏ပုံရိပ်များမှာ နိုင်ငံတကာမီဒီယာများမှ တဆင့် ကမ္ဘာအရပ်ရပ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အစောပိုင်းနေ့ရက်များတွင် “Gen-Z”များအား တော်လှန်ရေး၏ဦးဆောင်သူများအဖြစ် သတ်မှတ်ခဲ့ကြသည်။ “you have messed with the wrong generation”စသည့် စာသားများသည် ယခုအကြိမ် လူထုအုံကြွမှုမှာ ယခင်ကဖြစ်ပွားခဲ့ဖူးသည့် အုံကြွမှုများကဲ့သို့ မေးမှိန်ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ကြောင်း ရှင်းလင်းဖော်ပြခဲ့သည်။ ဤသုံးသပ်ချက်ကို ထောက်ရှုပြီး အစီရင်ခံစာများသည် မြန်မာနိုင်ငံရှိ လူငယ်များကို ရှေ့တန်းတင်ခဲ့ကြသည်။[၂၀] အဆိုပါသုံးသပ်ချက်များမှာ “အကူးအပြောင်းကာလ”အတွင်း ယူဆောင်လာခဲ့သည့် လစ်ဘရယ် ပြုပြင်ပြောင်းလဲမှုများသည် လူငယ်များကို ဆိုရှယ်မီဒီယာအား ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချတတ်စေပြီး ဒီမိုကရေစီမွတ်သိပ်မှုကိုဖြစ်ပေါ်စေကာ တကြော့ပြန် အာဏာသိမ်းခြင်းကို စဉ်းစား၍မရနိုင်ဟု သုံးသပ်ပြောဆိုခြင်းဖြစ်ကြောင်း ထင်မြင်ယူဆရသည်။

သို့သော် သတင်းမီဒီယာနှင့် အစီရင်ခံစာ အများအပြားတွင် တွေ့ရှိရသည့် အဆိုပါလူငယ်များမှာ လူဦးရေအခြေပြု ကိုယ်စားပြုသူများ ဟုတ်မဟုတ် မေးခွန်းထုတ်ဖွယ်ရှိသည်။ တစ်နည်းဆိုရလျှင် မြန်မာနိုင်ငံရှိ (မွေးသက္ကရာဇ်အရ) “Gen-Z”အသက်အရွယ် အပိုင်းအခြားအတွင်း ပါဝင်သူလူငယ်အားလုံးမှာ Gen-Z အခြေအနေအကြောင်းအရာများအတွင်း အကျုံးဝင်မှုရှိပါသလော။ “တောင်မြန်မာနှင့်မြောက်မြန်မာ ၏ မတူညီသောပုံရိပ်များ”ဟု ခေါင်းစဉ်တပ်ထားသည့် ဖေ့စ်ဘွတ်ခ်မှ ဗီဒီယိုတစ်ခု (ပုံ-၅)သည် နေရာ နှစ်ခုက ပြည်သူများ၏ လူတန်းစား ဖော်ပြချက် ကွဲပြားခြားနားမှုများကို ပြသခဲ့သည်။ တောင်မြန်မာနိုင်ငံသားများသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဆန္ဒပြဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ တန်ဖိုးကြီးအဝတ်အစားများကို ဝတ်ဆင်ထားသော ပျိုမြစ်နုနယ်သည့် လူငယ်များဖြစ်ကြသည်။ မြောက်မြန်မာနိုင်ငံသားများဟူသည့် နေရာတွင် နွမ်းနွမ်းပါးပါးဝတ်ဆင်ထားကာ ကွမ်းစားထားပြီး မည်းမှောင်သော အသားအရည်ကို ပိုင်ဆိုင်ထားကြသူများအား ဖော်ပြထားသည်။

အဆိုပါရုပ်ပုံတစ်ခုနှင့်တစ်ခုအား နှိုင်းယှဉ်ကြည့်ပါက ကွဲပြားခြားနားမှုများမှာ သိသာထင်ရှားလျက်ရှိသည်။ “မြောက်မြန်မာ”မှ ပြည်သူများမှာ “Gen Z”ဟူသည့် အခေါ်အဝေါ်အောက်သို့ အလွယ်တကူ ရောနှောဝင်ရောက်နိုင်ပါသလား။ ကျွန်ုပ်တို့၏ အဓိကပါဝင်ဖြေဆိုသူတစ်ယောက်ဖြစ်သော အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည့် အရှင်ဝိစာရဟု အမည်ရသည့် ဘုန်းတော်ကြီးတစ်ပါးက အဆိုပါကွဲပြားမှုများအား ဖော်ထုတ်ပြသခဲ့ပါသည်။ ဆရာတော်က “အသွင်ကူးပြောင်းမှုများ”မှာ မြန်မာပြည်အထက်ပိုင်း (အညာ) သို့ မည်သည့်

၁၉ Chiu (၂၀၂၁).
၂၀ Note ၇ အားရှု

အချိန်ကမှ မရောက်ရှိခဲ့ကြောင်းဖော်ပြခဲ့သည်။ ၎င်း၏ အညာသားတော်လှန်ရေးဟု အမည်ပေးထားသည့် ကြည့်ရှုမှုနှုန်းများပြားခဲ့သည့် ပို့စ်တစ်ခုတွင် ၎င်းက "ဖက်ဒရယ်စနစ်"၊ "ဒီမိုကရေစီ" နှင့် ပတ်သတ်သည့် NGO ပရောဂျက်များမှာ မြို့ကြီးများ၌သာ ပြုလုပ်လျက်ရှိကြောင်း၊ နှစ်ပေါင်းများစွာကုန်လွန်ကာ အုပ်ချုပ်သူများ၊ စစ်ဗိုလ်ချုပ်ကြီးများ အဆက်ဆက်ပြောင်းလဲသွားသော်လည်း အညာဒေသမှာ တိုးတက်ပြောင်းလဲလာမှုမရှိကြောင်း ပြောဆိုရေးသားခဲ့သည်။ အညာသားများ၏ ဆင်းရဲမွဲတေမှုကို ၎င်းက "ကန်ရေသောက် မြက်ခြောက်စား" ဟူ၍ ဖော်ပြခဲ့သည်။

တော်လှန်ရေးဆိုသည်မှာ ယခင်အမှောင်ခေတ်သို့ တကျော့ပြန်သွားမှုကို စုပေါင်းကန့်ကွက်ကြခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါက၊ ပြီးခဲ့သည့် အသွင်ကူးပြောင်းမှုကြောင့် ပေါ်ပေါက်လာသော တိုးတက်မှုများအပေါ် အလွန်အကျွံအကောင်းမြင်ရာရောက်ပြီး၊ ထိုအခြေအနေသည် ကူးပြောင်းမှုဖြစ်စဉ်တွင် အကျိုးမခံစားရ၊ ထိခိုက်ခဲ့ရ၊ ဖယ်ထုတ်ခံခဲ့ရသူများကို ချန်လှပ်ရာ ရောက်ပါသည်။

## လူမှုလိင် (ဂျဲန်ဒါ)

အမျိုးသမီးအရေးတက်ကြွလှုပ်ရှားသူများသည် မြန်မာ့လူ့အသိုင်းအဝိုင်း၏ ဖိုပဓာနဝါဒအား မတွန်းလှန်ဘဲ တော်လှန်ရေးအောင်မြင်မှုရှိနိုင်ပါသလား ဟူသည့်မေးခွန်းကို မေးမြန်းလေ့ရှိသည်။ အဆိုပါအရေးကိစ္စကို မည်သည့်နည်းလမ်းဖြင့် ထုတ်ဖော်ပြောဆိုရမည်နည်း။ အဓိကပါဝင်ဖြေဆိုခဲ့သူ YT က မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများ အပေါ်ကျူးလွန်ခဲ့သည့် လိင်အကြမ်းဖက်မှုများကို  မီးမောင်းထိုးပြသရန် ဆိုရှယ်မီဒီယာ လှုံ့ဆော်မှု တစ်ခုကိုဖန်တီး၍ ၎င်းတွင် ဗမာအမျိုးသမီးများ လက်ရှိကြုံတွေ့နေရသည့် လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုများ နှင့် အလွဲသုံးစားပြုခံရမှုမျိုးကို တိုင်းရင်းသားအမျိုးသမီးတို့ ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ရကြောင်း ဖော်ပြခဲ့သည်။ YT သည် လက်တလောပြုလုပ်လျက်ရှိသည့် စက်ချုပ်သမများအတွက် လှုံ့ဆော်လှုပ်ရှားမှု (စက်ချုပ်သမတွေလို တော်လှန်ကြမယ်) အပါအဝင် အထည်ချုပ်စက်ရုံလုပ်သားအရေး အကြောင်းအရာများနှင့် ဖိနှိပ်ခံမှု/အခွင့်ထူးခံမှုတို့၏ ဆုံချက်နှင့်စပ်လျဉ်းသော Feminism (အမျိုးသမီး/မ ဝါဒီ)နှင့် ပတ်သက်သည့် အော်ဒေလော့ဒ်၏ အဆိုအမိန့်များကို ဖော်ပြကာ လူတန်းစားအရေးနှင့် ဂျဲန်ဒါအရေး နှစ်ခုကြား ဆက်စပ်မှု၏ အရေးပါပုံကိုလည်း မီးမောင်းထိုးပြသခဲ့သည်။ ဤနေရာတွင် မေးခွန်းတစ်ခုမှာ အဆိုပါလှုံ့ဆော်မှုများသည် တော်လှန်ရေး၏ အဓိကအရေးပါသော ဗဟိုချက်ဟုတ်မဟုတ်၊ အဆိုပါအရေးကိစ္စများကို ရည်ညွှန်းပြောဆိုခြင်းမရှိပါက တော်လှန်ရေးကျဆုံးသွားမည် ဟုတ်မဟုတ်၊ အဘယ်ကြောင့်ထို




ပုံ ၅ - "တောင်မြန်မာ" နှင့် "မြောက်မြန်မာ"မှ ဆန္ဒပြသူများ (ဝဲနှင့်ယာ) အား နှိုင်းယှဉ်ပြသထားသည့် ဗီဒီယို https://www.facebook.com/permalink.php?story_fbid=130379329510589&id=100076155670226

ကဲ့သို့ ကျဆုံးရမည်နည်း  အစရှိသည်တို့ ဖြစ်သည်။ သို့တည်းမဟုတ် ၎င်းတို့သည် ယခင်ကတည်ရှိခဲ့သည့် စံနှုန်းတန်ဖိုးများကို ဆန့်ကျင်တိုက်ခိုက်ရန် ရရှိသည့် အခိုက်အတန့်ကို အခွင့်ကောင်းယူ၍ ပြုလုပ်ခဲ့သည့် ခါတော်မီ လှုံ့ဆော်မှုများလော။ "အခု ပြည်သူတွေ ထိခိုက်လွယ်တဲ့ အနေအထားကိုရောက်နေတာကို အသုံးချဖို့ ကြိုးစားနေတယ်............ ဘာလို့လဲဆိုတော့ အခုဆို အင်အားကြီးတဲ့ အင်စတီကျူးရှင်းတစ်ခုဖြစ်တဲ့ NLD တောင် ထိခိုက်လွယ်တဲ့ အနေအထားကိုရောက်နေတယ်။ အဲ့ဒီတော့ ကျွန်မတို့တွေ အတွေးအခေါ်တွေကို ပိုပြီးခေါင်းထဲထည့်ပေးလို့ ရတယ်။ ပြီးတော့ လူတွေကပိုပြီး လက်ခံနိုင်လာကြတယ် ဆိုတော့ ဒီ စိန်ခေါ်မှုကို လူတွေရဲ့အတွေးအခေါ်တွေကို ပြောင်းလဲပြစ်ဖို့ အခွင့်အရေးတစ်ရပ်အနေနဲ့ ကျွန်မတို့ ပြောင်းလဲသင့်တယ်လို့ ထင်တယ်" ဟု YT က ပြောကြားခဲ့သည်။

## အနှစ်ချုပ်

အထက်ပါ အကြောင်းအရာများအားလုံးမှာ သူ့အတိုင်းအတာနှင့်သူ အရေးပါလျက်ရှိသည်။ သို့သော် အခြားအဓိကကွဲပြားမှုတစ်ရပ်မှာ ပိုမိုအရေးပါလျက်ရှိသည်ဖြစ်ရာ အထက်၌ ဖော်ပြခဲ့သည့် အရေးကိစ္စများအား မိမိတို့မှ ထပ်မံ၍ သရုပ်ခွဲနိုင်ခြင်းမရှိချေ။ မိမိတို့ အစီရင်ခံစာ၏ အဓိက ဦးစားပေးလေ့လာမှုမှာပင်လျှင် Burmanization ဖြစ်သွားခဲ့ရာ အထက်ပါ အကြောင်းအရာများတစ်ခုချင်းစီအား ပိုမို၍ သုတေသနပြုလေ့လာရန် မိမိတို့အနေဖြင့် တိုက်တွန်းအကြံပြုပါသည်။

# အပိုင်း (၂)
## Burmanization နှင့်ပတ်သက်သည့် ငြင်းခုံဆွေးနွေးမှုများ

အထက်ပါ အချေအတင်ငြင်းခုံဆွေးနွေးမှုများမှာ အရေးကြီးသော်လည်း အဓိက သဘောတရားကွဲပြားမှု နယ်ပယ်မှာ နိုင်ငံရေးယူနစ်အတွင်း လူမျိုးရေးနှင့်ဘာသာရေး ကွဲပြားခြားနားမှုဖြစ်သည်။ အဆိုပါအရေးကိစ္စနှင့်ပတ်သက်သည့် ပို့စ်များ၏ ပမာဏနှင့် မတူညီသည့် အမြင်ဖွင့်ဆိုချက် အရေအတွက်ကို အခြေခံကာ ဤကဲ့သို့ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။ ထပ်မံ၍ အဆိုပါ ပို့စ်အမြောက်အမြားတွင် "ကွဲပြားမှုများစွာရှိသည့် နိုင်ငံတွင် လူမျိုး၊ ဘာသာ အစုံအလင်ပါဝင်သည့် ဒီမိုကရေစီတစ်ရပ် မည်ကဲ့သို့ တည်ဆောက်နိုင်မည်နည်း" ကဲ့သို့ အနာဂတ် မြန်မာပြည်တည်ဆောက်ရေးအတွက် အခြေခံဖြစ်သည့် မေးခွန်းများကို မေးမြန်းခဲ့ကြသည်။ ဤအပိုင်းတွင် မြန်မာနိုင်ငံရှိ လူမျိုးများအကြား ဆက်ဆံရေးနှင့် ပတ်သက်သည့် ကွဲပြားခြားနားသော နားလည်မှုအမြင်များကို ထုတ်နုတ်ဖော်ပြထားပြီး၊ အဆိုပါအရေးကိစ္စများကို ရှင်းလင်းခြင်းမရှိပါက ပေါ်လောက်လာနိုင်သည့် အန္တရာယ်များကိုလည်း ဝေဖန်ပိုင်းခြားပြထားပါသည်။




ပုံ ၆ - "လေကြောင်း၊ အမြောက်၊ ဒုံးကျည် နဲ့မဖြိုနိုင်တဲ့ ကရင်နီတဲ့လား… ဒီ သမားရိုးကျ မီးရှူးလေးတစ်လုံးလောက်ပဲ ပစ်လွှတ်လိုက် အဟွင်းဟွင်း"

## ဗမာနှင့် လူမျိုးစုတိုင်းရင်းသားတို့အကြား အပြန်အလှန်မုန်းတီးမှုများ

အာဏာသိမ်းမှုအပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် ဗမာနှင့် တိုင်းရင်းသားများအကြား အပြန်အလှန် အမုန်းပွားမှုများ စတင်ခဲ့သည်။ ဗမာလူမျိုးများ၏ ဇာတ်ကြောင်းများတွင် တိုင်းရင်းသားများကို အသုံးချဖွယ်တစ်ခုအနေဖြင့် ရှုမြင်ခဲ့သည်။ စစ်အာဏာရှင်ကို တော်လှန်ဆန့်ကျင်ရာတွင် ပူးပေါင်းပါဝင်ရန် တိုက်တွန်းခဲ့ကာ တိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံရန် တိုင်းရင်းသားများကို တောင်းဆိုခဲ့သည်။[၂၀] တန်းတူညီမျှသော ဖက်ဒရယ်စနစ်ကို အဆုံးသတ်ရရှိနိုင်မည့် အခွင့်အရေးအဖြစ် အသုံးချရန် လိုလားခဲ့သည်။ မိမိတို့၏ တော်လှန်ရေးကို အထောက်အကူပေးမည်လော (သို့မဟုတ်) တခြားလမ်းကိုရွေးမည်လော ဟူသည့် အကျပ်ကိုင်ပြောဆိုမှုများအထိ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံရှိ ဖေ့စ်ဘွတ်ခ် အသုံးပြုသူများအကြား ပျံ့နှံ့ခဲ့သည့် (အမည်မသိ) အသုံးပြုသူတစ်ဦး၏ ပို့စ်တစ်ခုတွင် "တိုင်းရင်းသားတွေမှာ လမ်းနှစ်သွယ်ပဲရှိတယ်။ ဒေါ်စုနဲ့အလုပ်မဖြစ်ရင် တွဲစရာက စစ်တပ်ဘဲရှိတယ်ဗျာ" (ပုံ ၇) ဟူ၍ ရေးသားထားသည်။ အခြား ပို့စ်တစ်ခု

၂၀ Hannax, Moezat, and John Paul. "National Identity in Myanmar: Understanding Bamarr People's Perspectives on Burmanization and Ethnocentrism," Aruna Global South, March 2022.

တွင် “ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်တစ်ချို့ဟာ ပြည်သူတွေနဲ့ဝေးကွာသွားပြီ။ အာဏာရှင်တွေနဲ့ အကျိုးစီးပွားတူတွေ ဖြစ်သွားပြီ။ ဒီလိုအချိန်မှာ ပြည်သူတွေနဲ့မပူးပေါင်းရင် ဘာရည်ရွယ်ချက်လဲ။ ဖက်ဒရယ် ဒီမိုကရေစီစနစ်ဆိုတာ လက်နက်ရှိရင် ဒီမိုကရေစီရှိတယ်ဆိုတဲ့ တကိုယ်ကောင်းဝါဒသမားတွေ ဖြစ်ကုန်ပြီ။ ၁၉၈၈ တုန်းကတောင် ဒီမိုကရေစီတိုက်ပွဲကို ထောက်ခံခဲ့ကြတယ်။” (ပုံ-၈) ဟူ၍ ရေးသားထားသည်။ ထင်ရှားသည့် ၈၈ မျိုးဆက် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ကိုမင်းကိုနိုင်က အာဏာသိမ်းမှုအပြီး သုံးရက်မြောက်နေ့တွင် အာဏာဖီဆန်ရေး CDM လှုပ်ရှားမှု အစီအစဉ်များကို ဖော်ပြခဲ့သည့်စာ (ပုံ ၉) တွင် လှုပ်ရှားမှု၌ ပူးပေါင်းပါဝင်ရန် တိုင်းရင်းသားများကို ပန်ကြားထားလေရာ ၎င်းမှာ မှတ်သားဖွယ်ဖြစ်သည်။


တိုင်းရင်းသားများဘက်က တုံ့ပြန်မှုများတွင် ၎င်းတို့၏ မချင့်မရဲဖြစ်မှုများကို ဖော်ပြလျက်ရှိသည်။ တယူသန် အလွဲအမှားများနှင့် ပျက်စီးလျက်ရှိသည့် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုဖြစ်လာရန် မိမိတို့က ဆန္ဒရှိရမည်လောဟူ၍ ၎င်းတို့ဘက်က မေးခွန်းထုတ်ခဲ့ကြသည်။[၂၂] ကိုမင်းကိုနိုင်၏ သတင်းစကားသည် ဖေ့စ်ဘွတ်ခ်ပေါ်၌ ပျံ့နှံ့သွားသည့်အခါ အခြေအနေများပုံမှန်ဖြစ်သွားပါက ဗမာများသည် မိမိတို့အား ပြန်လည်၍ လျစ်လျူရှုကြမည်ဖြစ်ကြောင်း တိုင်းရင်းသားများဘက်က တုံ့ပြန်ခဲ့ကြသည်။ ပြည်ပနေ ရှမ်းတိုင်းရင်းသား လူလတ်တန်းစား တတ်သိပညာရှင်တစ်ဦးဖြစ်သူ စိုင်းဝမ်းဆိုင်ကလည်း အဆိုပါ တောင်းဆိုပန်ကြားမှုများကို ရှုတ်ချခဲ့သည်။ “တိုင်းရင်းသားလက်နက်ကိုင်တွေက မြို့ထဲထိဝင်လာပြီး လာကယ်မယ်ထင်နေတာတွေက တော်တော်ရယ်စရာကောင်းတဲ့ မျှော်လင့်ချက်အမှားတွေပဲ” ဟု ၎င်း၏ ဖေ့စ်ဘွတ်ခ်အကောင့်တွင် ရေးသားခဲ့သည်။

သို့သော် ဗမာများဘက်မှ အတိအလင်း ဝန်ချတောင်းပန်ကြောင်းဖော်ပြသည့် အခြားဇာတ်ကြောင်းများလည်း ရှိသေးသည်။ ၎င်းပုဂ္ဂိုလ်များမှာ ဗမာလူမျိုးများရရှိသည့် အခွင့်ထူးခံမှုကို အသိအမှတ်ပြုကြသည်။ အဆိုပါ ဝန်ချတောင်းပန်မှုမှာ ဗမာလူမျိုးများ၏ မသိနားမလည်ခဲ့မှုဟူသည့် ဇာတ်ကြောင်းနှင့်အတူ ပြည်သူများထံသို့ တပါတည်း ရောက်ရှိလာခြင်းဖြစ်သည်။ စစ်တပ်က တိုင်းရင်းသားများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို ယခင်ကမကြားသိခဲ့ဖူးသော်လည်း ယခုအခါတွင် စစ်တပ်က မိမိတို့အပေါ် အကြမ်းဖက်လျက်ရှိရာ ရှင်းလင်းစွာ နားလည်သွားခဲ့ရပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။ မြေပြန့်သားများအပေါ် အမှန်တရားကို ဖုံးကွယ်ထားရန် စစ်တပ်၏ နိုင်ငံတော်အဆင့်ဝါဒဖြန့်မှုများကို ယုံကြည်ခဲ့မှုကြောင့် ဗမာများသည် အဆိုပါကျူးလွန်မှုများအား သိရှိခဲ့ခြင်းမရှိ ဟူသည့် ဇာတ်ကြောင်းကိုလည်း ထပ်ဖန်တလဲလဲ[23] တွေ့ရလျက်ရှိသည်။ ဗမာမဟုတ်သည့် လူမျိုးစုများမှာ အဆိုပါ ဇာတ်ကြောင်းကို ယုံကြည်ခဲ့သည်ဖြစ်စေ၊ မယုံကြည်ခဲ့သည်ဖြစ်စေ စစ်အာဏာသိမ်းပြီးနောက် လပေါင်းများစွာအကြာတွင် တော်လှန်ရေးကို ကြိုဆိုလက်ခံလာခဲ့ကြသည်။ တိုင်းရင်းသား လက်နက်ကိုင်များသည် ၎င်းတို့၏ အခြေစိုက်စခန်းများမှ ထွက်လာရန် အလားအလာမရှိကြောင်း ယခင်ကပို့စ်တင်ခဲ့သည့် စိုင်းဝမ်းဆိုင်က နောက်ပိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို  လက်ခံကြိုဆိုခဲ့သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာက ပျက်ကွက်ခဲ့သည့် အကာအကွယ်ပေးရန်တာဝန်ရှိမှု (R2P)ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ဖြည့်ဆည်းပေးနိုင်သည်ဟု ပြောကြားခဲ့သည်။ ဗမာလူမျိုး အများစုရှိရာဒေသများတွင် စစ်တပ်၏ ရက်စက်စွာ အင်အားသုံး အကြမ်းဖက်ဖြိုခွင်းမှုနှင့် အကြမ်းမဖက် ဆန္ဒပြသူများပြသခဲ့သည့် ရဲရင့်မှုတို့ကြောင့် ထိုကဲ့သို့ အတွေးအခေါ်ပိုင်းဆိုင်ရာများ အဆင့်ဆင့်ပြောင်းလဲသွားခြင်းဖြစ်သည်။


---

၂၂ Khin Khin Mra. “Myanmar’s Coup from the Eyes of Ethnic Minorities.” New Mandala. 22 February 2021. https://www.newmandala.org/myanmarscoup-from-the-eyes-of-ethnic-minorities/


၂၃ Kyed, Helene. “Hopes for a New Democracy in Myanmar: Multiethnic Unity against Military Power – Tea Circle.” 2021. https://teacircleoxford.com/2021/03/19/hopesfor-a-new-democracy-in-myanmar-multiethnic-unity-against-military-power/




ပုံ ၇ - "တိုင်းရင်းသားတွေမှာ လမ်း ၂သွယ်ပဲရှိတယ်...."




ပုံ ၈ - တိုင်းရင်းသား လက်နက်ကိုင်များ အပေါ် ဝေဖန်မှု




ပုံ ၉ - "တိုင်းရင်းသားတွေထံပန်ကြားပါတယ်"ဟူသည့် စာသားပါဝင်သည့် ကိုမင်းကိုနိုင်၏ လက်ရေးမှု




ပုံ ၁၀ - လူလတ်တန်းစား အထက်လွှာမှ တတ်သိပညာရှင် စိုင်းဝမ်ဆိုင်း၏ အမြင် ပြောင်းလဲ တိုးတက်ပြောင်းလဲလာမှု ကိုပြသသည့် ပို့စ်များ

## ခွဲခြားဆက်ဆံခြင်းနှင့် စပ်လျဉ်း၍ ကွဲပြားသည့်တုန့်ပြန်ချက်များ

အဆိုပါပြောဆိုငြင်းခုံမှုများသည် ဗမာမဟုတ်သူများ ကြုံတွေ့ခံစားရသည့် အလွဲသုံးစားပြုခံရမှုများနှင့် ဗမာလူမျိုးများရရှိသည့် အခွင့်ထူးခံရမှုများ၌သာ အဆုံးသတ်သွားကြလေ့ရှိသည်။ အောက်ပါပုံများတွင် ဖော်ပြထားသည့်အတိုင်း လူမျိုးရေးနှင့် ဘာသာရေး ခွဲခြားဆက်ဆံမှုနှင့် ဆက်စပ်သည့် အရေးကိစ္စများသည်သာ အာရုံစိုက်ခံလာရခြင်းမဟုတ်ဘဲ "လူမျိုးကြီးဝါဒ" ဟူသည့် စကားရပ်သည်လည်း အဓိက အရေးကိစ္စတစ်ခု အနေနှင့် (တစ်ကျော့ပြန်) ပေါ်ပေါက်[၂၄] လာခဲ့သည်။ သို့သော် ၎င်းမှာ မည်သည့်အရာကို ဆိုလိုခဲ့သနည်း။

### "Burmanization"

Burmanization ဆိုသည်မှာ အဘယ်နည်းဟူသည့်မေးခွန်းအား မေးမြန်းသောအခါ YT က ၎င်းမှာ တိုင်းရင်းသားဒေသများတွင်စစ်တပ်၏ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း၊ သို့သော် ဖိနှိပ်မှုမှာ ဗမာများကို အခြားလူမျိုးများထက် အခွင့်ထူးကိုပေးထားသည့် အဖွဲ့အစည်းများကတဆင့်လုပ်ဆောင်ခဲ့သည့် အဆိုပါ အယူအဆ၏ သိရှိရန်ခက်ခဲနက်နဲသော သဘောသဘာဝအား ဝေဖန်ပြောဆိုခဲ့သည်။ "သူတို့တွေက စနစ်ကိုပြောနေကြတာ၊ လူတွေ (ဗမာတွေ) ကအဲ့ဒီစနစ်ကနေ ဘယ်လိုအခွင့်ထူးတွေ ရနေကြတယ်ဆိုတာကိုပေါ့.......... သူတို့က အခွင့်ထူးခံရတယ် ဦးစားအပေးခံရတယ်.... (တိုင်းပြည်က) ဘာသာစကားတစ်မျိုးတည်း၊ ဗမာတွေလို ဝတ်စားဆင်ယင်ပုံ တစ်မျိုးတည်း၊ ကိုးကွယ်မှုတစ်မျိုးတည်း ကိုပဲ အသိအမှတ်ပြုတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

---

၂၄ (ဗမာ) လူမျိုးကြီးဝါဒ နှင့် "Burmanization"တို့၏ အနက်အဓိပ္ပါယ်ဆင်းသက်ပေါ်ပေါက်လာပုံအား ခွဲခြားသတ်မှတ်ပါက လက်ရှိ သုတေသန အတွက် အသုံးဝင်မည်ဖြစ်သော်လည်း အချိန်နှင့်လုပ်အား အကန့်အသတ်ကြောင့် ယခုအချိန်အထိ ဆက်လက် လုပ်ဆောင်နိုင်ခြင်းမရှိသေးချေ။ "Burmanization"ဟူသည့် စကားရပ်အား ပထမဆုံးအကြိမ်အဖြစ် Robert Holmes ၏ ၁၉၆၇ ခုနှစ်တွင် ရေးသားခဲ့သည့် "Burmese domestic policy: the politics of Burmanization," Asian Survey ဟူသည့်ဆောင်းပါးတွင် အသုံးပြုခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါဆောင်းပါတွင် Burmanization အား ၁၉၆၂ ခုနှစ် စစ်တပ်မှ အာဏာသိမ်းမှုအပြီး "တိုင်းတစ်ပါး" အနောက်တိုင်း၊ တရုတ်နှင့် အိန္ဒိယ) နှင့် ဆက်စပ်လျက်ရှိသောအရာများအား တိုင်းပြည်အတွင်းမှ ရှင်းလင်းခြင်းဟူသည့် အဓိပ္ပါယ်ဖြင့်သုံးခဲ့ခြင်းဖြစ်သည်။ တစ်နည်းဖော်ပြရမည်ဆိုပါက ယင်းဆောင်းပါးတွင်  "Burmanization"အား ဗမာများနှင့် တိုင်းရင်းသားများနှင့် ခြားနားမှုအားဖော်ပြရန် သုံးစွဲခဲ့ခြင်းဟုတ်ပေ။ လက်ရှိ သုံးစွဲလျက်ရှိသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ပိုမိုနီးစပ်သော Burmanization ဝေါဟာရသည် ၁၉၉၀ နှင့် ၂၀၀၀ ခုနှစ်များတွင် စတင်ပေါ်ပေါက်လာပုံပေါ်သည်။ Gustaff Houtman (Mental Culture in Burmese Crisis Politics: Aung San Suu Kyi and the National League for Democracy, ILCAA Study of Languages and Cultures of Asia and Africa Monograph Series No. 33, 1999) and Mary Callahan ("Making Myanmars: Language, Territory, and Belonging in Post-Socialist Burma," in Boundaries and Belonging: States and Societies in the Struggle to Shape Identities and Local Practices (2004): 99-120) ကိုရှုပါ။ ဤအကြိမ်တွင် အဆိုပါစကားလုံးအား EAO အချို့မှ ယူငင်သုံးစွဲခဲ့ကြသည်။

ကရင် လူလတ်တန်းစား အမျိုးသမီး တတ်သိပညာရှင်နှင့် ဦးဆောင်သူတစ်ဦးဖြစ်သူ နော်မေဦး ရေးသားခဲ့သည့် Coalition of the Unwilling ဆန္ဒမပါသောပြည်ထောင်စု ဟူသည့် စာစောင်တွင် တော်လှန်ရေးအတွင်း တိုင်းရင်းသားတို့ ကြုံတွေ့ခံစားရသည့် ချိတုံချတုံဖြစ်မှုကို ဖော်ပြခဲ့သည်။ ၎င်းက ဗမာလူမျိုးကြီးဝါဒ ဆိုသည်မှာ တိုင်းရင်းသားများကို “(စကားဝဲသောကြောင့်) လှောင်ပြောင်အနိုင်ကျင့်ခြင်း၊ မြန်မာစာပေ သင်ယူစေခြင်း၊ ဗမာစကားပြောဆိုစေခြင်း၊ ဗမာ့သမိုင်းကို ဂုဏ်ယူချီးမြှောက်စေခြင်း၊ ဗမာအမည်များပေးခြင်း နှင့် ဗမာကဲ့သို့ နေထိုင်ပြုမူစေခြင်းများသည် စနစ်များ မူဝါဒများအောက်တွင် တိုင်းရင်းသားများကို ဗမာလူမျိုးများဖြစ်စေရန်လုပ်ဆောင်ခြင်း တို့သည် ပုံမှန်မြင်ရတွေ့ရသည့် လုပ်ဆောင်မှုများဖြစ်သည်[၂၅]” ဟု အလားတူ ပင်ဖော်ပြခဲ့သည်။ Burmanization သည် ဤနေရာတွင် တိုက်ရိုက်မဟုတ်သော လုပ်ဆောင်ချက်များ အပေါ် အခြေခံသည်။

အခြားတိုင်းရင်းသားများမှာမူ အဆိုပါဖြစ်စဉ်ကို ကွဲပြားခြားနားစွာဖော်ပြခဲ့သည်။ လူလတ်တန်းစား ကရင် အမျိုးသားတစ်ဦးဖြစ်သည့် စောအယ်ထူးမှ “ဗမာစစ်တပ်က တိုင်းရင်းသားတွေကို ဗမာလူမျိုးကြီးဝါဒရဲ့ မဟာဗျူဟာရဲ့ အစိတ်အပိုင်းအနေနဲ့ တိုက်ခိုက်နေသလို လက်နက်ကိုင်အဖွဲ့တွေက အစိုးရရဲ့ ဗမာမှုပြုတဲ့ ပေါ်လစီတွေကို ခုခံနေကြတာ။ နေဝင်းရဲ့ အစိုးရက တိုင်းရင်းသားတွေကို ပေါ်တာဆွဲတာတွေ၊ နေရာတွေကနေ ရွှေ့ပြောင်းတာတွေ၊ ရိက္ခာဖြတ်တောက်တာတွေ နဲ့ စိတ်ပိုင်းဆိုင်ရာ ဗျူဟာတွေကိုသုံးပြီးတော့ တတ်နိုင်သမျှ Burmanize လုပ်ခဲ့တယ် ”[၂၆] ဟု မကြာခင်က ရေးသားခဲ့သည်။ ကချင် တတ်သိပညာရှင်တစ်ဦး ဖြစ်သူ Layeng Seng Ja မှ “Bamarnization နှင့် ethnic cleansing” တို့အား ဖြစ်ပေါ်စေရန် အားပေးခဲ့သည့် “ကချင်ပြည်နယ်အတွင်း စစ်တပ်က အစဉ်အမြဲတပ်စွဲထားသည့်” ဖြစ်စဉ်[၂၇] အား လေ့လာပြီး “Bamarnization လုပ်တယ်ဆိုတာ တခြား မျိုးနွယ်စုနဲ့ ဘာသာဝင် လူနည်းစုတွေကို လူများစုတွေလိုဖြစ်အောင် ဖိအားပေးပြောင်းလဲစေတာပဲ” ဟု သုံးသပ်ခဲ့ရာ ဤနေရာတွင် Burmanization မှာ တိုက်ရိုက် ပြုလုပ်သည့် လုပ်ဆောင်ချက်ဖြစ်သည်။

အထက်ပါဖြစ်စဉ် ၂ ရပ်လုံးအား Burmanization ဟုသတ်မှတ်ခဲ့ကြသည်ဖြစ်ရာ ကျွန်ုပ်တို့မှ ၎င်း၏ အနက်အဓိပ္ပါယ်အား အောက်ပါအတိုင်း ဖွင့်ဆိုသွားမည်ဖြစ်သည်။

> *Burmanization ဟူသည်မှာ ဗမာမဟုတ်သည့် လူမျိုးများကို ဗမာများအဖြစ်သို့၊ ဗမာမဟုတ်သည့် လူမျိုးတို့၏ နေထိုင်ရာ ဒေသများနှင့် သမိုင်းများကို ဗမာဒေသများနှင့် သမိုင်းများအဖြစ်သို့ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ ပြောင်းလဲခြင်းကို ဆိုလိုသည်။ ၎င်းသည် လူမျိုးမတူသူများအကြား သွေးနှောလက်ထပ်ခြင်းအားဖြင့်တိုက်ရိုက်ဖြစ်စေ တိုင်းရင်းသားများအား ၎င်းတို့၏ ယဉ်ကျေးမှုများကို စွန့်လွှတ်ရန် အားပေးအားမြှောက်ပြုခြင်းနှင့် မကျင့်သုံးရန် ဖိအားပေးခြင်းအားဖြင့် သွယ်ဝိုက်၍ ဖြစ်စေ (within reason, along color lines) ဇာတ်သွင်းရန် ကြိုးပမ်းသည်။ အနှစ်ချုပ်ရလျှင် ၎င်းသည်* ***အမျိုးဇာတ်သွင်းခြင်းအားဖြင့် ပြောင်းလဲရန်*** *ဆန္ဒတစ်ရပ်အား ဖော်ပြသည်။*

အမျိုးဇာတ်သွင်းခြင်းနှင့်စပ်လျဉ်းသည့်အချက်အား ကျွန်ုပ်တို့ပြုလုပ်ခဲ့သည့် အင်တာဗျူးများက ရှင်းလင်းဖော်ပြရန် အထောက်အကူပေးခဲ့သည်။[28] NLD ပါတီဝင်တစ်ဦးဖြစ်သည့် ပါဝင်ဖြေဆိုသူ အမှတ် (၅) ကမူ အသားအရည် ဖြူဝင်းသော တိုင်းရင်းသူများကို ဗမာအမျိုးသားများက အလွန် သဘောကျကြသည်ဖြစ်ရာ ဤ

---

၂၅ အလားတူ သုံးသပ်မှုအတွက် Nai Hongsa [“The Way Forward for Peace, Stability and Progress in Burma/Myanmar,” in Ashley South and Marie Lall, eds. Citizenship in Myanmar. Singapore: ISEAS (2018): 89-90] ကို ရှုပါ

၂၆ Saw Eh Htoo. “Ne Win’s echoes: Burmanization policies and peacebuilding in Myanmar today,” in Schmidt-Leukel et al eds. Ethnic and Religious Diversity in Myanmar: Contested Identities, Bloomsbury Publishers (2021):63.

၂၇ Layang Seng Ja. “Burmanization and its effects on the Kachin ethnic group in Myanmar,” in Schmidt-Leukel et al eds. Ethnic and Religious Diversity in Myanmar: Contested Identities, Bloomsbury Publishers (2021): 93-5

၂၈ Prasse-Freeman, Elliott and Andrew Ong. “Expulsion / incorporation: Valences of mass violence in Myanmar,” in Eve Zucker and Ben Kiernan, eds Political Violence in Southeast Asia Since 1945, Routledge, 2021. ကိုရှုပါ

နိုင်ငံတွင် ဗမာလူမျိုးကြီးဝါဒ မရှိနိုင်ဟု ဦးတည်အုပ်စုဖွဲ့၍ မေးမြန်းသော အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။ ပါဝင်ဖြေဆိုသူ အမှတ် (၅) က တိုင်းရင်းသူများကို လက်ထပ်ရန် ရွေးချယ်ခြင်းမှာ လူကြိုက်များသည့် ရွေးချယ်မှုတစ်ခုဖြစ်သည်ဟု ဆိုထားရာ အမျိုးသားများသည် တိုင်းရင်းသူများကို ရွေးချယ်လက်ထပ်ခြင်းရမှာ ၎င်းတို့၏ အလုအယပတစ်ခုတည်းကြောင့် မဟုတ်ပဲ အခြားသူများက မိမိတို့ကို အောင်မြင်မှုရရှိသူဟု ထင်မြင်စေရန်ဖြစ်သည်။ ဗမာအမျိုးသားအများအပြားအနေဖြင့် ထိုကဲ့သို့ သွေးနှောလက်ထပ်ခြင်းများ လုပ်ဆောင်နေပါက ၎င်းကြောင့် လူဦးရေ ထိခိုက်စေလိမ့်မည်ဖြစ်သည်။ သွေးနှောကပြားများမှာ ဗမာဖြစ်ရန်ပိုမိုလွယ်ကူနေခြင်းကြောင့် အဆိုပါအချက်မှာ မှန်ကန်လျက်ရှိသည်။ (ထိုသို့သောစုံတွဲတစ်တွဲတွင် အများအားဖြင့် အဖေဖြစ်သူမှာ ဗမာလူမျိုးဖြစ်လေရာ) ဖိုပဓါနဝါဒ ကြောင့် အများအားဖြင့် ထိုကဲ့သို့ ဖြစ်လာနိုင်ရန် အလားအလာရှိသည်။ ထိုကဲ့သို့ဖြစ်လာရခြင်းမှာ တိုင်းရင်းသားများဘက်က ဗမာသွေးတစ်ဝက်ပါသူများကို တိုင်းရင်းသားများဖြစ်ခြင်းမှ ငြင်းပယ်နိုင်ချေရှိသည့် သန့်စင်သောမျိုးရိုးဟူသည့် အယူအဆ[၂၉] ကြောင့်လည်း ဖြစ်နိုင်သည်။ အဆိုပါအကြောင်းအရာနှင့်စပ်လျဉ်းပြီး ထပ်မံ၍သုတေသနပြုလေ့လာရန် အမှန်တကယ် လိုအပ်လျက်ရှိသည်။ အနည်းငယ်ကမောက်ကမနိုင်သည်မှာ ပါဝင်ဖြေဆိုသူ အမှတ် (၅) က ဗမာလူမျိုးကြီးဝါဒကို ငြင်းဆိုခဲ့သော်လည်း ၎င်းကိစ္စအား ဥပမာပေးဖော်ပြခဲ့ခြင်းဖြစ်သည်။

မိသားစုအဆင့်၌ မတူညီသည့် မျိုးနွယ်စုဝင်များအကြား သွေးနှောလက်ထပ်ခြင်းသည် လူမျိုးစု တည်ရှိခြင်း၏ အရေးပါမှုကို ငြင်းဆိုသည့် (သို့မဟုတ်) ဖယ်ရှားသည့် သဘောထက် ပိုမိုကျယ်ပြန့်သော ဇာတ်ကြောင်းနှင့် ကျိုးကြောင်းဆီလျော်မှုအကြောင်းကို ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ဩဇာရှိ နိုင်ငံရေးဦးဆောင်ပုဂ္ဂိုလ်များက ပြောဆိုကြသည်။ အဆိုပါဇာတ်ကြောင်းများအရ တိုင်းရင်းသားများမှာ ဗမာများနှင့် လက်ရှိ၌ မတူကွဲပြားလျက်ရှိသော်လည်း ၎င်းတို့မှာ "သွေးချင်း[၃၀]" များဖြစ်ကြရာ မတူညီသည့် မျိုးနွယ်စုဝင်များအကြား သွေးနှောလက်ထပ်ခြင်းအားဖြင့် နောက်ဆုံးတွင် အလုံးစုံတစ်သားတည်းတူညီသွားလိမ့်မည်ဟု ထောက်ပြပြောဆိုလျက်ရှိသည်။

ဤနေရာတွင် ထပ်လောင်းပြောဆိုရမည်ဆိုပါက ပါဝင်ဖြေဆိုသူ အမှတ် (၅) သည် အသားဖြူသည့် တိုင်းရင်းသားများနှင့် အသားမည်းသူများ အထူးသဖြင့် တောင်အာရှ ရုပ်ရည်အသွင်အပြင်ရှိသူများ အကြား ရှင်းလင်းပြတ်သားသည့် ခွဲခြားမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တောင်အာရှရုပ်ရည်အသွင်အပြင် ရှိသူများကို အများက နှစ်သက်ခြင်းမရှိကြသောကြောင့် ၎င်းတို့အား ဗမာအဖြစ်သို့ အမျိုးဇာတ်သွတ်သွင်းခံရမည့်အရေးမှာ နည်းပါးလျက်ရှိခြင်း ဖြစ်သည်။ ဤအချက်မှာ လေ့လာသုံးသပ်သူများကို မတူညီသည့် လူနည်းစုများကို ခေါင်းစဉ်တူအကြောင်းအရာတစ်ခုအတွင်းသို့ (ဗမာမဟုတ်သူများ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သူများ) ထည့်သွင်းစဉ်းစားမည့်အရေးမှ ဂရုပြုမိစေရန် သတိပေးလျက်ရှိသည်။

## "ဗမာမှုပြုခြင်း" နှင့် "ဗမာလူမျိုးကြီးဝါဒ"

ပါဝင်ဖြေဆိုသူ အမှတ် (၅) က သွေးနှောလက်ထပ်ခြင်းကြောင့် "Burmanization" မရှိဟု အဘယ်ကြောင့် ပြောကြားခဲ့ပါသနည်း။ ဖြစ်နိုင်ချေများသည့် ဖြေရှင်းချက်တစ်ခုမှာ "Burmanization"မှာ မတူညီသည့် လူအများအပြားအတွက် အဓိပ္ပါယ်အများအပြား ရှိနေခြင်းကြောင့်ဖြစ်သည်။ မူရင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ပညာရပ်ဆိုင်ရာ ဇာတ်ကြောင်းများက ယူဆောင်ခဲ့သည့်[၃၁] ၎င်းစကားလုံးကို မြန်မာပြည်မှ လူလတ်တန်းစားနှင့် အထက်လွှာနိုင်ငံရေးသမား၊ တက်ကြွလှုပ်ရှားသူ စသည်တို့၏ ဇာတ်ကြောင်းများ

၂၉ ဖူးကီးဒို(မန်းရောဘတ်ဇန်)။မန်းဘဇန်နှင့်ကရင့်တော်လှန်ရေး။ သစ္စာမြေ စာအုပ်တိုက်။၂၀၁၄။:196-97)ကိုရှုပါ။ KNUဥက္ကဌဟောင်း မန်းဘဇံမှ ကရင်လူမျိုးများ၏ အမျိုးဇာတ်သန့်စင်မှုနှင့် သွေးနှောကပြားများအပေါ် ထားရှိသည့် အမြင်သဘောထား

၃၀ ဖူးကီးဒို(မန်းရောဘတ်ဇန်)။မန်းဘဇန်နှင့်ကရင့်တော်လှန်ရေး။ သစ္စာမြေ စာအုပ်တိုက်။၂၀၁၄။:၁၉၆-၉၇)ကိုရှုပါ။ KNU ဥက္ကဌဟောင်း မန်းဘဇန်မှ ကရင်လူမျိုးများ၏ အမျိုးဇာတ်သန့်စင်မှုနှင့် သွေးနှောကပြားများအပေါ် ထားရှိသည့် အမြင်သဘောထား

၃၁ အနက်အဓိပ္ပါယ်ဆင်းသက်ပုံမှာ အလုံးစုံရှင်းလင်းခြင်းမရှိချေ။ YTမှ ၎င်းစကားလုံးအား အင်္ဂလိပ်ဘာသာဖြင့် စတင်ကြားသိခဲ့ရကြောင်းရှင်းလင်းပြောကြားခဲ့သည်။

တွင် မြန်မာဘာသာသို့ ပြန်ဆိုခြင်းမရှိဘဲ မကြာခဏ အသုံးပြုလေ့ရှိသည်။ ၎င်းကို မြန်မာဘာသာသို့ ပြန်ဆိုသည့်အခါများတွင်လည်း ဗမာလူမျိုးကြီးဝါဒဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။ ထိုကဲ့သို့ ဘာသာပြန်ဆိုခြင်းမှာ ပြဿနာကင်းလှသည် မဟုတ်။ "Burmanization"မှာ ရွှေ့လျားပြောင်းလဲလာခြင်း ဟု အဓိပ္ပါယ်ရသည်။ ၎င်းအား (ရွှေ့လျားပြောင်းလဲလာခြင်း (သို့မဟုတ်) ဖြစ်လာခြင်း ဟု အဓိပ္ပါယ်ရသည့် "ပြု"[၂၁] ဟူသည့် ကြိယာဖြင့်) "ဗမာမှုပြုခြင်း"[၂၂] ဟု ဘာသာပြန်ဆိုခြင်းမှာ သင့်တင့်လျောက်ပတ်ကာ ရံဖန်ရန်ခါတွင် ထိုကဲ့သို့ ပြန်ဆိုလေ့ရှိကြောင်းလည်း သိရသည်။ ဆန့်ကျင်ဘက်အားဖြင့် "ဗမာလူမျိုးကြီးဝါဒ" မှာ လွှမ်းမိုးခြယ်လှယ်ခြင်း (သို့မဟုတ်) သာလွန်မြင့်မြတ်ခြင်း ဟူ၍ အဓိပ္ပါယ်ရကာ "မိမိတို့မှာ ပိုမိုသာလွန်ကောင်းမွန်လျက်ရှိပြီး သင်တို့မှာ အသိဉာဏ် ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိသောကြောင့် သင်တို့နှင့် ပေါင်းသင်းဆက်ဆံလိုခြင်းမရှိ" ဟူသည့်  ကွဲပြားမှုများအား ကိုင်စွဲထားလိုသည့် သဘောဆန္ဒကို ဆောင်သည်။ ပါဝင်ဖြေဆိုသူ အမှတ် (၅) မှာ သာလွန်မြင့်မြတ်သည်ဟူသည့် အယူအဆနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ဗမာများမှာ တိုင်းရင်းသူ အမျိုးသမီးများအား နှစ်သက်လိုလားလျက်ရှိသည်ဟူ၍ ဆိုထားရာ ၎င်းမှာ ဒုတိယ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည့် "ဗမာမှုပြုခြင်း"အား သုံးစွဲဖော်ပြခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် သုံးစွဲသည့် စကားရပ်များမှာ မည်သည်ကိုဆိုလိုကြောင်းကို ရှင်းလင်းပြတ်သားစွာဖော်ပြရန် လိုအပ်ပေသည်။

## မည်သူများမှာ အခွင့်ထူးခံဖြစ်သနည်း?

ပိုမိုဆိုးဝါးလျက်ရှိသည်မှာ "Bamar privilege"နှင့် ဆက်စပ်သည့် စကားရပ်တစ်ခုကိုပြောကြားသော်လည်း အဓိပ္ပါယ် ဖွင့်ဆိုရှင်းလင်းပြသခြင်းမရှိသည့်အခါ နားထောင်သူများဘက်က အဆိုပါ ဖော်ပြမှုမှာ ၎င်းတို့၏ လက်တွေ့ဘဝ အတွေ့အကြုံများအပေါ် အမှန်တကယ် ကိုယ်စားပြုဖော်ပြသည် ဟု ခံစားရမည်မဟုတ်ချေ။ အဆိုပါ စကားရပ်၏ အနက်အဓိပ္ပါယ်ကို "ဗမာလူမျိုးများသည် ၎င်းတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကြောင့် မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းတွင် အခွင့်ထူးကို ခံစားရရှိကြသည်"  ဟု ဖွင့်ဆိုရှင်းလင်းလျှင်ပင် ထိုဖွင့်ဆိုမှုကို ကြားသူများက သူတို့၏ လက်တွေ့ဘဝ ကြုံတွေ့ခံစားရမှုများမှ ရရှိသည့် ရှုမြင်သဘောပေါက်မှုအပေါ် အခြေခံပြီး ငြင်းပယ်ကြလိမ့်မည်ဖြစ်သည်။

၎င်းအကြောင်းကို "အညာသားတော်လှန်ရေး"တွင် ပါဝင်တိုက်ပွဲဝင်ဆင်နွှဲနေကြသည့် အညာသားများက ပွင့်လင်းစွာ ငြင်းဆိုခဲ့ကြသည်။ အညာဟူသည်မှာ မြစ်အထက်ပိုင်း သို့မဟုတ် မြန်မာပြည်အထက်ပိုင်းကို ဆိုလိုခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့အား ရည်ညွှန်းခေါ်ဝေါ်ခြင်းဖြစ်သည်။ လူထုအုံကြွမှုတွင် အညာသားတို့၏ အခန်းကဏ္ဍမှာ ကြီးစွာပါဝင်လျက်ရှိသည်။[၂၄] တော်လှန်ရေးတွင် ပါဝင်လျက်ရှိသည့် ၎င်းတို့၏ ကြီးမားသည့် အခန်းကဏ္ဍကို အတိတ်တွင်ဖြစ်ပွားခဲ့သည့် တော်လှန်ရေးများနှင့်သာမက အခြားနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် တော်လှန်ရေးများနှင့်ပါ နှိုင်းယှဉ်ဖော်ပြကြသည်။ တော်လှန်ရေး၏ ရှေ့တန်းမှ ပါဝင်လျက်ရှိသူများမှာ အညာဒေသမှဖြစ်သည်။ ၎င်းတို့၏ ရဲစွမ်းသတ္တိသည် နိုင်ငံအဝှမ်းရှိ မြန်မာနိုင်ငံသားများကို အညာသားဒေသကပြောဆိုသည့် အသံများအပေါ် အာရုံစိုက်စေသည်။ ၎င်းတို့သည် မြန်မာပြည်အထက်ပိုင်းရှိ ၎င်းတို့၏ နေ့စဉ်ဘဝများနှင့်ယှဉ်ထိုးကာ ဗမာလူမျိုးများသာရရှိသည့် အခွင့်ထူးခံမှုနှင့်ပတ်သက်သည့် စွပ်စွဲပြောဆိုချက်များကို ငြင်းပယ်ခဲ့ကြသည်။

အထက်တွင်ဖော်ပြခဲ့သည့် ပါဝင်ဖြေဆိုသူ TY က မိမိတို့ LA ဟုခေါ်ဝေါ်သုံးစွဲမည့်  အညာဒေသမှ လူလတ်တန်းစား အမျိုးသမီး တတ်သိပညာရှင်အား မိမိတို့နှင့်ပြုလုပ်သည့် အင်တာဗျူးအတွင်း ရည်ညွှန်းဖော်ပြခဲ့ပါသည်။ TY က LA သည် တိုက်ရိုက်မဟုတ်သည့် ဗမာလူမျိုးကြီးဝါဒ အကြောင်း ပြောဆိုမှုနှင့်စပ်လျဉ်း၍ ၎င်းနှင့် သဘောထား ဆန့်ကျင်ကွဲလွဲသူဖြစ်ကြောင်း ပြောဆိုခဲ့သည်။  LA ရေးသားခဲ့သော အညာသားများ

---

၂၁ ပြု

၂၂ ဗမာမှုပြုခြင်း .

၂၄ Callahan, Mary. "Myanmar's Dry Zone: The History of a Tinderbox," Fulcrum. 9-Feb-2022.

မှာ နိုင်ငံအတွင်း အဆိုးရွားဆုံး ဆင်းရဲဒုက္ခကိုခံစားရရုံသာမက တိုင်းရင်းသားများ၏ မှန်းတီးခြင်းကိုပါခံရ ပုံအား ရေးသားထားသည့် ဝင်ရောက်ကြည့်ရှုမှုနှုန်းများသည့် ပို့စ်တစ်ခုအား ကိုးကားကာ ထိုကဲ့သို့ပြောဆို ခြင်းဖြစ်သည်။ LA က “Burmanization” မှာ အညာသားများ အတွက် တရားမျှတမှုရှိနိုင်၊ မရှိနိုင်အား မေးခွန်းထုတ်ထားသည်။ မိမိတို့သည် LA ကိုလည်း အင်တာဗျူးမေးမြန်းခဲ့ရာတွင် ၎င်းက “ အဲ့ဒီ ပို့စ်ဟာ စစ် အုပ်ချုပ်သူတွေက ဗမာတွေရဲ့ ဖြစ်တည်မှုကို ဘယ်လိုအလွဲသုံးစားလုပ်၊ ချနင်း သွေးခွဲပြီး အနိုင်ယူတဲ့ နည်း လမ်းတွေကို သုံးနေတယ်ဆိုတာကို ဗမာတွေ သဘောပေါက်အောင် လှုပ်နှိုးဖို့ဖြစ်တယ်။ ဂျန်ဒါတန်းတူ ညီမျှရေးလှုပ်ရှားမှုမှာ အမျိုးသားတွေ ပူးပေါင်းပါဝင်လာတာကို လိုချင်ရင် ကျွန်မတို့က အခွင့်ထူးခံမဟုတ် တဲ့ ယောကျ်ားတွေကို အမျိုးသားတွေသာ အမြဲအသာစီးရမှု၊ ဖိုပဓါနဝါဒ နဲ့ သားကြီးဩရသည်ဦးစားပေးမှုတွေ အကြောင်းကို သိအောင်ပြောဖို့လိုတယ်။ အလားတူပဲ ကျွန်မတို့က တော်လှန်ရေးထဲမှာ စစ်ဘက်ဆိုင်ရာ အရာရှိတွေ ပူးပေါင်းလာတာကို လိုချင်ရင် စစ်အာဏာရှင် စနစ်က ရာထူးနိမ့် စစ်သည်တွေကို ဘယ်လိုမျိုး မ တရားဂုတ်သွေးစုပ်နေတယ်ဆိုတာကို ပြောဖို့လို့လိုတယ်။ ကျွန်မတို့တွေ ဒေသဖြတ်ကျော်/ နိုင်ငံဖြတ်ကျော် ပြီး မဟာမိတ်ဖွဲ့စည်းမှုတွေ တည်ဆောက်ကြတဲ့အခါ ကျွန်မတို့အကုန် ဘုံတူညီကြတဲ့ common ground တစ်ခုကိုရှာဖို့လိုတယ်။ အဲ့တာကတော့ တခြားအကြောင်းအရာတွေ (လူမျိုး၊ ဂျန်ဒါ၊ ဗဟိုအခြေပြုစဉ်းစားမှု တို့)နဲ့ intersect လုပ်ဖို့လိုလာတာက လူတန်းစား အရေးပါပဲ” ဟု ပြောကြားခဲ့သည်။

တိုင်းရင်းသားတိုင်း (သို့မဟုတ်)အမျိုးသမီးတိုင်း (သို့မဟုတ်) လိင်ခံယူမှုကွဲပြားသူလူနည်းစုတိုင်းမှာ တူညီ သည့်ပုံစံတစ်ခုတည်းဖြင့် အဖိနှိပ်ခံရခြင်းမဟုတ်ရာ LA က စစ်မှန်သည့် “ဖိနှိပ်မှု/အခွင့်ထူးခံဖြစ်မှုတို့၏ ဆုံ ချက်” ရရှိရန်အတွက်လည်း ဖိတ်ခေါ်ခဲ့သည်။ အဖိနှိပ်ခံရသည့် အရေးကိစ္စများကို ထည့်သွင်းစဉ်းစားရာတွင် လူတန်းစားကွဲပြားမှုမှာလည်း အရေးပါလှသည့် ကိစ္စတစ်ရပ်ဖြစ်ပေသည်။ တိုင်းရင်းသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက် (သို့မဟုတ်) လိင်ခံယူမှုကွဲပြားသူလူနည်းစုဝင် တစ်ယောက်အနေဖြင့် ဆင်းရဲပါက ဖိနှိပ်ခံရမှုမှာ လူလတ်တန်းစားဖြစ်ခြင်းထက် ပိုမိုဆိုးရွားစွာခံရလိမ့်မည်ဖြစ်သည်။

ထပ်မံ၍ Burmanization သည် လုံးဝလွှမ်းမိုးချုပ်ကိုင်သောစနစ် ဟုတ်၊ မဟုတ် ကျွန်ုပ်တို့ မေးခွန်းထုတ် နိုင်ပါသည်။ အကယ်၍ ဟုတ်မှန်ခဲ့ပါက (အရပ်သားအစိုးရဖြစ်စေ၊ စစ်အစိုးရဖြစ်စေ) မည်သည့် အစိုးရမဆို မှ ထင်ဟပ်နေလိမ့်မည်ဖြစ်ကာ ဗမာလူမျိုးအားလုံး ၎င်းမှ အကျိုးကျေးဇူးများ ခံစားရရှိလိမ့်မည်ဖြစ်သည်။ ၎င်းမှာ မှန်ကန်ခဲ့ပါက နိုင်ငံရေးအရတုံ့ပြန်ဆောင်ရွက်မှုများ ဖြစ်သည့် ကွန်ဖက်ဒရေးရှင်းစနစ်ကျင့်သုံးခြင်း (သို့မဟုတ်) အဆုံးသတ်၌ လုံးဝခွဲထွက်ခြင်း စသည့်တို့မှာ တိုင်းရင်းသားများအတွက် အခိုင်အမာ လိုအပ် လိမ့်မည်ဖြစ်သည်။ သို့သော် အညာသားများနှင့် ဗမာဖြစ်ခြင်းကြောင့် ၎င်းတို့ရရှိသည့် အကျိုးကျေးဇူးများ အား ဆန်းစစ်ကြည့်ကြပါစို့။ ဆင်းရဲနွမ်းပါးသည့် အညာသမားများသည် ဗမာစကားပြောဆိုခြင်းကြောင့် အကျိုးကျေးဇူး ဖြစ်ထွန်းလျက်ရှိသည်။ သို့သော် ၎င်းတို့၏ လေယူလေသိမ်းနှင့် ဆင်းရဲမွဲတေမှုများကြောင့် စ နောက်လှောင်ပြောင်ခံရသည်။ ၎င်းမှာ တိုင်းရင်းသားများ ရင်ဆိုင်ကြုံတွေ့ရသည့် ဖယ်ကြဉ်ခံရမှုနှင့် ဆင်တူ လျက်ရှိသည်။ LA က စစ်တပ်၏ စစ်ဝါဒပြုခြင်းမှာ ပိုမိုအရေးကြီးကြောင်းနှင့် တပ်မတော်ကို ရှောင်ရှားခြင်း အားဖြင့် ဖက်ဒရယ်စနစ်အား ပိုမိုလွယ်ကူစွာ ရရှိနိုင်လိမ့်မည်ဟု ပြောဆိုခဲ့သည်။ ဤနေရာတွင် အရေးကြီး သည့်အချက်မှာ Burmanization မှာ အညာသားများနှင့် အခြား ဆင်းရဲနွမ်းပါသည့် ဗမာများအားလည်း ကောင်းကျိုးပေးခြင်းမရှိလေရာ ၎င်းတို့မှလည်း ထိုအရာအား တိုက်ဖျက်ရန် လိုအပ်ပေသည်။ အနည်းဆုံး အနေနှင့် ဆင်းရဲနွမ်းပါးသည့် ဗမာများ ကြုံတွေ့ခဲ့ရသော ထိခိုက်မှုများကို နားလည်အသိအမှတ်ပြုပေးခြင်း သည် နာကြည်းမုန်းတီးမှုနှင့် တုံ့ပြန်တိုက်ခိုက်မှုတို့အား တားဆီးပေးလိမ့်မည်ဖြစ်သည်။

အဆုံးသတ်အနေဖြင့် တော်လှန်ရေးကာလအတွင်း မျှော်လင့်ချက်ရှိ၍ ရဲရင့်သော စုစည်းညီညွတ်မှုအသစ် များအကြောင်း ပြောကြားခဲ့သော်လည်း နောက်ဆုံး၌ တော်လှန်ရေးအောင်မြင်လျင်ပင် အပြောသာရှိ၍ လက်တွေ့အကောင်အထည်မဖော်နိုင်မည့် အရေးအတွက် စိုးရိမ်ပူပန်မှုရှိနေသည်။ အခြားနည်းဖြင့် ဖော်ပြရ မည်ဆိုပါက ဗမာတစ်ယောက်အနေနှင့် မလုံလောက်သေးသည့် တောင်းပန်စကားပြောဆိုခြင်းနှင့် “အခွင့်ထူး

ရရှိမှုကို အသိအမှတ်ပြုခြင်း" အားဖြင့် စည်းလုံးညီညွတ်မှုနှင့် တန်းတူညီမျှမှုရှိသော အနာဂတ်နိုင်ငံရေးကို ယုံကြည်စွာ ကတိသစ္စာပြုရန် ခက်ခဲလျက်ရှိသည်။ သို့ဖြစ်ရာ အထက်တွင်ဖော်ပြခဲ့သည့် ကိုမင်းကိုနိုင် ရေးသားခဲ့သော ပန်ကြားလွှာတွင် တိုင်းရင်းသားတစ်ဦးက "အားလုံးအဆင်ပြေသွားရင် မင်းတို့က ငါတို့ကို (တိုင်းရင်းသားတွေကို) မေ့သွားမှာပဲ" ဟု မှတ်ချက်ပြုရေးသားခဲ့သည်။ ထို့ကြောင့် အညာသားများ ဆောင်ယူလာခဲ့သည့် လူတန်းစား အမြင်အရ ဝေဖန်မှုမှာ လွန်စွာအရေးကြီးလျက်ရှိသည်။ ၎င်းအရေးသည် ငြင်းခုံဆွေးနွေးမှုများအတွင်း ပါဝင်သူများအား တစ်ဖန်ပြန်လည်စဉ်းစားရန် တွန်းအားပေးလျက်ရှိသည်။ ဗမာများက တိုင်းရင်းသားများကို အုပ်စုလိုက် ဝန်ချတောင်းပန်ခြင်းပြုရမည့်အစား ၎င်းအရေးကိစ္စရှိမှ ဆင်းရဲသားဗမာများနှင့် ဆင်းရဲသား တိုင်းရင်းသားများ အချင်းချင်းတို့မှာ မိမိတို့ အုပ်စုအသီးသီးရှိ ထိပ်တန်းပုဂ္ဂိုလ်များနှင့် ခရိုနီများထက် ပိုမိုတူညီလျက်ရှိကြောင်း ထောက်ပြလျက်ရှိသည်။ ၎င်းသည် အဆိုပါ အစုအဖွဲ့ ဝိသေသများ ပေါ်ပေါက်နိုင်မှု (သို့မဟုတ် အနည်းဆုံးအနေဖြင့် လူလတ်တန်းစားနှင့် အထက်လွှာများက လူထုအား အစုအဖွဲ့ဝိသေသများ အသုံးပြုကာ စုစည်းနိုင်မှု) ကို အားနည်းစေနိုင်ရာ နိုင်ငံရေးနည်းလမ်းဟောင်းများကို အဆုံးသတ်စေခဲ့သည်။[၃၅]

## မည်သူတို့က မည်သည့်အကြောင်းကို ပြောကြားလျက်ရှိသနည်း?

အများအားဖြင့် မိမိတို့သည် စုံလင်ကွဲပြားသည့် ဇာတ်ကြောင်းများကို ရှာဖွေ၍အလေးပေးဖော်ပြနေရာတွင် မည်သူတို့က မည်သည့်အကြောင်းအရာ ပြောကြားလျက်ရှိကြောင်းကိုလည်း ခွဲခြားသိရှိနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ အဆိုပါ အချက်အလက်များအား အောက်တွင်ဖော်ပြထားသည့် ဇယားတွင်ဖော်ပြထားပါသည်။


| အုပ်စုဝင်များ | နိုင်ငံရေးအမြင်များ |
|---|---|
| လူလတ်တန်းစားနှင့် အထက်လွှာ တက်ကြွလှုပ်ရှားသူများ/ဗမာဒေသများတွင် နေထိုင်လျက်ရှိသော တိုင်းရင်းသားများ | "Burmanization" (မြန်မာဘာသာသို့ ပြန်ဆိုခြင်းမရှိဘဲ အင်္ဂလိပ်ဘာသာစကားမှ ချေးစားစကားလုံးအဖြစ်) သို့မဟုတ် ဗမာလူမျိုးကြီးဝါဒ (သို့မဟုတ် ရုံဖန်ရုံခါတွင် ဗမာမှုပြုခြင်း) ဟူသည့်စကားရပ်များအား အင်စတီကျူးရှင်းများနှင့် ဖွဲ့စည်းပုံများမှတစ်ဆင့် ဖိနှိပ်ချုပ်ချယ်မှုအား သွယ်ဝိုက်၍ လွှမ်းမိုးချုပ်ကိုင်သော စနစ်ကို ဖော်ပြရန် အသုံးပြုလျက်ရှိ |
| ဘေးသို့ ဖယ်ထုတ်ထားခံရသည့် ဗမာများ | ၎င်းတို့၏ ဇာတ်ကြောင်းမှာ မြို့ပြနေဗမာများ၏ ခွဲခြားဆက်ဆံမှုကိုအဓိကအသားပေးဖော်ပြလျက်ရှိ။ စကားဝဲမှုနှင့် လူနေမှုအဆင့်အတန်း နိမ့်ပါးမှုကြောင့် တောသားဟု စနောက်လှောင်ပြောင်ခံရခြင်းမှာ တိုင်းရင်းသားများကြုံတွေ့ခံစားရသကဲ့သို့ဖြစ်။ အခြားဒေသများမှ (ဧရာဝတီ မြစ်ဝှမ်းဒေသမှ) လယ်စိုက် ဗမာတောင်သူများမှာလည်း အလားတူ ခွဲခြားလှောင်ပြောင်ခံရမှုများကို ခံစားရလျက်ရှိ။ |

၃၅ အလားတူ လေ့လာသုံးသပ်မှုများအတွက် Jap, Jangai. "Protesters and Bystanders: Ethnic Minorities in the Pro-Democracy Revolution," Tea Circle, 22 March 2021 ကိုရှု

| အုပ်စုဝင်များ | နိုင်ငံရေးအမြင်များ |
|---|---|
| ဗမာ အများစုမရှိသည့် ဒေသများတွင်နေထိုင်ကြသော တိုင်းရင်းသားများ | Burmanization မှာ သိမ်မွေ့သော ဖယ်ထုတ်ခြင်းစနစ်မဟုတ်ပဲ အကြမ်းဖက်သိမ်းပိုက်ခြင်း၊ ကိုလိုနီပြုခြင်း (သို့မဟုတ် ကိုလိုနီပြုရန် ကြိုးပမ်းခြင်း) ဟု နေ့စဉ်ကြုံတွေ့ရင်ဆိုင်နေရသည့် အဖြစ်မှန်တစ်ရပ်အဖြစ် နားလည်ထားသောကြောင့် ကျိုးကြောင်းဆီလျော်သည့် ဖြေရှင်းချက်တစ်ခုမှာ ဖက်ဒရေးရှင်း (သို့မဟုတ်) ခွဲထွက်ခြင်းပင်ဖြစ်သည်ဟု လက်ခံထားလျက်ရှိ။ |
| NLD ပါတီနှင့် NUG တို့အား အမာခံအားပေးထောက်ခံလျက်ရှိသူများ / နီပေါ်/နီပိန်း များ | ဤအုပ်စုမှာ တုံ့ပြန်ဖြေဆိုမှု အတိုင်းအတာ အကျယ်ပြန့်ဆုံး ဖြစ်ကောင်းဖြစ်နိုင်သည်။အချို့မှာ အပြုသဘောဆောင်သည့် လုပ်ဆောင်မှု/  လျော်ကြေးပုံစံ မူဝါဒများ (ဗမာနယ်မြေများဟု အမည်တပ်မထားသည့် တိုင်းဒေသကြီး (၇) ခုကို  ပူးပေါင်းကာ “ဗမာပြည်နယ်” အဖြစ်သတ်မှတ်ခြင်း) ကို အကောင်အထည်ဖော်ရန် တောင်းဆိုထားလျက်ရှိ။ အခြားသူများမှာ လက်ရှိကြုံတွေ့နေရသည့် အလွဲသုံးစား အပြုခံရမှုများကို  အဆုံးသတ်ရန်၊ ပြီးလျှင် အနာဂတ် မြန်မာနိုင်ငံအား တိုင်းရင်းသားများနှင့် ဆက်လက်ပူးပေါင်းရန် ဆန္ဒမရှိသည်ဖြစ်ရာ ကွန်ဖက်ဒရက်စီ ဖွဲ့စည်းပုံမျိုးဖြင့်ဖြစ်စေ အချို့ပြည်နယ်များကို အလုံးစုံခွဲထွက်ခြင်းအားဖြင့် ဖြစ်စေ ပြုလုပ်ရန် ပိုမိုဆန္ဒရှိကြောင်း ပြောကြားခဲ့။ အခြားတစ်ဖက်တွင်မူ အခြားသောသူများမှ ဗမာလူမျိုးကြီးဝါဒ ရှိသည်ဟု ပြောဆိုနေကြချိန်တွင် တိုင်းရင်းသားများမှာ “ဒဏ်ရာဟောင်းများကနီးထသင့်ပြီဖြစ်ကြောင်း”၊ တော်လှန်ရေး အောင်မြင်ပြီးမှ အဆိုပါ အရေးကိစ္စများအားပြောဆိုသင့်ကြောင်း၊  သို့မဟုတ် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်အား စိုးရိမ်ရသောကြောင့် ထိုအရေးကိစ္စများအား ပြောဆိုရန် မသင့်ကြောင်း ပြောကြားခဲ့။ အခြားသူများမှာ ထပ်မံ၍ (ယမန်နှစ်အတွင်း တော်လှန်ရေးမှ အသိတရားရရှိခဲ့မှုကြောင့်) ဗမာလူမျိုးကြီးဝါဒ သို့မဟုတ် ဗမာအခွင့်ထူးခံရရှိမှုမှာ ချဲ့ကားပြောဆိုခြင်းဖြစ်ကြောင်း သို့မဟုတ် မရှိတော့ကြောင်း အခိုင်အမာပြောဆိုခဲ့။ |
| မျိုးချစ် ဗုဒ္ဓဘာသာဝင်များ | မျိုးချစ် သံဃာ အဖွဲ့အစည်းများမှာ စစ်အာဏာသိမ်းမှုအား ရှုတ်ချသော်လည်း အာဏာသိမ်းမှု မတိုင်ခင် USDP သို့မဟုတ် စစ်တပ်မှလုပ်ဆောင်ခဲ့သည့် လှုပ်ရှားမှုများအား (NLD ပါတီရွေးကောက်ပွဲအနိုင်ရရှိမှုအား ကန့်ကွက်ခြင်း) လည်း “အမျိုး၊ ဘာသာ၊ သာသနာ”[၃၆] အား ကာကွယ်စောင့်ရှောက် လိုသည့် ရည်ရွယ်ချက်များဖြင့်) အားပေးအားမြှောက်ပြုခဲ့ကြသည်။ ဗမာအခွင့်ထူးခံရမှု စွပ်စွဲချက်များအပေါ် ၎င်းသံဃာတို့မှ တည်ရှိမှုကို ငြင်းပယ်မည်ဟုတ်မဟုတ်၊ အသိအမှတ်ပြုမည် ဟုတ်မဟုတ်နှင့် ရှိသင့်ရှိထိုက်၍ တည်ရှိရသည်ဖြစ်ကြောင်း ပြောကြားခြင်းရှိမရှိ စသည်ဖြင့် မည်သို့ခံစားရလျက်ရှိကြောင်းကို ဆန်းစစ်ရှာဖွေရန်အတွက် သုတေသနပြုမှုများ ထပ်မံပြုလုပ်ရန် လိုအပ်လျက်ရှိ။ |

၃၆ Iselin Frydenlund နှင့် တွဲဖက်စာရေးသူများတို့ သည် ၎င်းတို့အား ယေဘုယျ အားဖြင့် နှုတ်ဆိတ်လျက်ရှိကြသည်ဟု ထင်မြင်ခဲ့ကြသည်။(Frydenlund, Iselin, Pum Za Mang, Phyo Wai, and Susan Hayward. “Religious Responses to the Military Coup in Myanmar.” The Review of Faith & International Affairs 19.3 (2021): 77-88.)

| အုပ်စုဝင်များ | နိုင်ငံရေးအမြင်များ |
|---|---|
| လူလတ်တန်းစားနှင့် အထက်လွှာမဟုတ်သည့် ဗမာများ/လူလတ်တန်းစား နှင့် အထက်လွှာ မဟုတ် သည့် တိုင်းရင်းသားများ | ယေဘုယျအားဖြင့် ၎င်းတို့နှင့် ဆက်နွယ်မှုများအပေါ် ပျမ်းမျှ အမြင်များကို အနည်းငယ်သာ သုတေသနပြုလေ့လာထားရသေး။[37] |




**ပုံ ၁၁ - NLD ထောက်ခံသူများမှာ ဖက်ဒရယ်စနစ်အားလိုလား ခြင်းမရှိဟု ယူဆကာ ဝေဖန်ထားသည့် မိမ်းမ်**

## လူမျိုးကြီးဝါဒသည် ဗမာများထံမှသာ လာခြင်းမဟုတ်

သုတေသနမှ ထင်ရှားသည့် ရှာဖွေတွေ့ရှိချက်တစ်ခုမှာ လူမျိုးကြီးဝါဒ ဟူသည့် စကားရပ်မှာ ယေဘုယျအားဖြင့် အသုံးပြုမှုဖြစ်သည်။ အဆိုပါစကားရပ်သည် ပြည်သူများအကြား ပျံ့နှံ့လာသောအခါ ၎င်းနှင့် မူလကဆက်နွယ်သုံးနှုန်းလေ့ရှိသည့် "ဗမာ လူမျိုးကြီးဝါဒ"မှ ကွဲထွက်လာကာ၊ အခြား ဘေးသို့ ဖယ်ထုတ်ခြင်းခံရသည့် အုပ်စုဝင်များကလည်း ၎င်းတို့ ခံစားတွေ့ကြုံရသည့် အခြေအနေများကို ဖော်ပြရန်အတွက် အဆိုပါစကားရပ်အား အထူးသဖြင့် သုံးစွဲလာကြသည်။ ယခုသုတေသနတွင် "နှစ်ထပ်ကွမ်း လူနည်းစုဝင်များ" က ၎င်းတို့နေထိုင်သည့် နယ်မြေဒေသအခွဲများအတွင်း ဒေသတွင်း လွှမ်းမိုးကြီးစိုးသည့်/လူများစုဖြစ်သည့် တိုင်းရင်းသားများ အပေါ် မကျေနပ်ချက်များကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ တအာန်းလူမျိုးတိုင်းရင်းသားတစ်ယောက်က ရှမ်းလူမျိုးကြီးဝါဒအပေါ် စောဒကတက်မှုကို ပုံ ၁၈ တွင်ဖော်ပြထားသည်။

ရက္ခိုင့်တပ်တော် AA က ရည်မှန်းချက် ကြီးကြီးမားမားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ တည်ဆောက်ရန် ကြိုးပမ်းနေချိန်တွင် "ရက္ခိတလမ်းစဉ်" သည် ရိုဟင်ဂျာများကို ဒုတိယတန်းစား နိုင်ငံသားများအဖြစ်သာ လက်ခံရန် ကြံရွယ်လျက်ရှိပုံပေါ်သည်။[38] ကူဘိုက ကာယားပြည်နယ်အတွင်းရှိ ကရင်နီလူမျိုးတို့၏ "Kayahfication" နှင့်ပတ်သက်၍ ၎င်း၏ဆောင်းပါးတွင် ဖော်ပြခဲ့သည်။[39] တအာန်းနှင့် ပအိုးဝ်လူမျိုးတို့သည် ရှမ်းလူမျိုးတို့၏ လွှမ်းမိုးခြယ်လှယ်မှုအား စောဒကတက်နေစဉ်မှာပင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာတွင် ပအိုးဝ်လူမျိုးတို့မှာ ဒေသတွင်းရှိ (အင်းသား၊ တောင်ရိုး၊ ဓနု အစရှိသည့်) ပအိုးဝ်မဟုတ်

၃၇ Ardeth Thawnghmung's work on the Karen is an exception (The 'Other' Karen in Myanmar: Ethnic Minorities and the Struggle without Arms, Lexington Books: New York, 2011).

၃၈ Myat Thet Thitsar. Paper presented at EverJust conference, March 2022.

၃၉ Kubo, Tadayuki. "Ethnocentrism or National Reconciliation: Rethinking Ethnic Relations and the History of Karenni." Journal of Burma Studies 25.2 (2021):155-191, see 169-170 and passim.

သည့် လူနည်းစုများ ပဒိုးဝ်များအဖြစ် စာရင်းပေးရန် ဖိအားပေးမှုများအား လုပ်ဆောင်ခဲ့သည်။[40] ကချင်မျိုးနွယ်စု အများအပြားနေထိုင်သည့် နယ်မြေအတွင်းတွင်လည်း (ပါဝင်ဖြေဆိုသူ R11 " ဥပမာ- ကချင်များမှ ရှမ်းနီလူမျိုးများအပေါ် အုပ်စိုးလွှမ်းမိုးခြင်း[41]ကဲ့သို့ အခြား တိုင်းရင်းသားများတွင်လည်း Burmanization နှင့် အလားသဏ္ဌာန်တူ လူမျိုးကြီးဝါဒရှိသည် " ဟုဆိုထားရာ) ဂျိန်းဖောလူမျိုးများ၏ ကြီးစိုးလွှမ်းမိုးမှု[42] ရှိသည်။




**ပုံ ၁၂ - တအာန်းခေါင်းဆောင်၊ ဇနီးနှင့် လူမမယ် ကလေးများအား အသတ်ခံရမှုအား "ဒီအဖြစ်အပျက်တွေဟာလည်း လူမျိုးကြီးဝါဒကို လက်မလွှတ်သေးတဲ့ လူမျိုးကြီးဝါဒီတွေရဲ့ အစွန်းရောက်လုပ်ရပ်တွေကြောင့်ပဲ လို့ပြောချင်ပါတယ်" ဟု မှတ်ချက်ပြုထားပုံ**

၄၀ မိမိတို့၏ သုတေသန အဖွဲ့အတွင်းရှိ သုတေသီတစ်ဦး၏ ပုဂ္ဂိုလ်ရေးရာ အတွေ့အကြုံဖြစ်သည်။

၄၁ Kyaw Yin Hlaing. "The Politics of Language Policy in Myanmar: Imagining Togetherness, Practicing Difference?." Language, nation and development in Southeast Asia. ISEAS (2007):150-180 at p 156 ကိုရှု

၄၂ B Seng. "Internal Conflicts of Kachin Ethnicities: Identity Politics Among the Six Tribes of the Kachin Ethnic Group," Aruna Global South. 24 March 2022; Sadan (2013).

မြန်မာစာ/ မြန်မာစကားအား Burmanization ၏ အမှတ်သညာသင်္ကေတအဖြစ် ဖော်ပြကြသော်လည်း ထိုကဲ့သို့သော လူအုပ်စုများအတွက်မူ အသုံးပြုရန် ဆန္ဒရှိလျက်ရှိကြောင်းသိရသည်။ အထူးသဖြင့် နှစ်ထပ်ကွမ်းဘေးသို့ဖယ်ထုတ်ခံရထားသည့် အုပ်စုများမှာ  မြန်မာစာ/ မြန်မာစကားအား အသုံးပြုရန် လိုလားလျက်ရှိ[43] သည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အဆိုပါ အုပ်စုဝင်များမှာ မြန်မာဘာသာစကားအား မသုံးစွဲလိုပါက ဒေသတွင်းလွှမ်းမိုးလျက်ရှိသည့် အုပ်စု၏ ဘာသာစကားအား သုံးစွဲရမည်ဖြစ်သောကြောင့်ဖြစ်သည်။

ထပ်မံ၍ အချို့ လူအုပ်စုဝင်များအတွက် အသားအရောင်ခွဲခြားမှု/ဘာသာရေးခွဲခြားမှုမှာ ဗမာမဟုတ်ခြင်းကြောင့် ခွဲခြားဆက်ဆံမှုနှင့် အလားတူကဲ့သို့ပင်ဖြစ်သည်။ တောင်အာရှ ရုပ်ရည်သွင်ပြင်ရှိသည့် မွတ်ဆလင်တစ်ဦးက မည်သူများမှာ “လူများစု” ဖြစ်သည်ကို ပြန်လည်စဉ်းစားရန်လိုအပ်ကြောင်း ဖော်ပြခဲ့သည်။ ၎င်း၏ ရှုထောင့်အရ ဆိုလျှင် လူများစုမှာ ဗမာများသာ မဟုတ်ပဲ (၁၉၈၂ နိုင်ငံသား ဥပဒေအရ) ဌာနေတိုင်းရင်းသားများအဖြစ် “တရားဝင်” အသိအမှတ်ပြုခံရသည့် လူမျိုး (၁၃၅) မျိုးလုံး ပါဝင်လျက်ရှိသည်။

အဆိုပါ ဖြစ်ရပ်များအားလုံးကို သုံးသပ်ရပါလျှင် ဗမာလူမျိုးကြီးဝါဒကို မကောင်းမှုများ၏ ဗဟိုချက်မ အဖြစ်သတ်မှတ်ကာ ရည်ညွှန်းပြောဆိုပါက လူမျိုးရေးပြဿနာများကို ပြေလည်အောင်ဖြေရှင်းနိုင်လိမ့်မည်ဟု ယူဆထားသော်လည်း ဖက်ဒရယ်တွင် ဒေသအခြေခံ ထက်အောက်အဆင့်များ ဖွဲ့စည်းမှုအတိုင်း လွှမ်းမိုးခြယ်လှယ်လျက်ရှိသော သူ့ဒေသအတွင်းက ပါဝါစနစ်အရသာ (ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ) ကွဲပြားခြားနားသည့် အရင်းအမြစ်များကို လက်လှမ်းမီနိုင်မည့် ပုံစံဖြစ်နေပါသည်။

၄၃ Choo, Liyun Wendy. “Of citizens and strangers: the privilege of being Burman.” Compare: A Journal of Comparative and International Education (2022): 1-18; Lall, Marie. “The value of Bamar-saga: minorities within minorities’ views in Shan and Rakhine States.” Language and Education 35.3 (2021): 204-225; Kyaw Yin Hlaing 2007.

# အပိုင်း (၃)
## နိဂုံး

ယခုအစီရင်ခံစာတွင် စစ်အာဏာရှင် ဆန့်ကျင်ရေး လူထုအုံကြွမှုအတွင်း ပါဝင်လျက်ရှိသူများကို ကွဲပြားအောင် သွေးခွဲလျက်ရှိသည့် အဓိက အကြောင်းများကို ရှာဖွေရန်အတွက် အချက်အလက် ဒေတာ အရင်းအမြစ်များစွာ (ဆိုရှယ်မီဒီယာပေါ်မှ ထုတ်ပြန်ချက်များ၊ အဓိက ပါဝင်ဖြေဆိုသူများနှင့် အင်တာဗျူးများ နှင့် အာဏာမသိမ်းမီနှင့် အာဏာသိမ်းအပြီး ထုတ်ဝေခဲ့သည့် ပညာရပ်နှင့် မူဝါဒဆိုင်ရာ စာတမ်းများ) ကို အသုံးပြုခဲ့သည်။ ယခု သရုပ်ခွဲလေ့လာမှုမှ ရရှိသည့် အဓိက ရှာဖွေတွေ့ရှိချက်များတွင် အောက်ပါတို့ ပါဝင်သည်။

၁။ **အွန်လိုင်းပလက်ဖောင်းသည် အရေးကိစ္စများအကြောင်း ထုတ်ဖော်ပြောဆိုရာနှင့် စံတန်ဖိုးများနှင့် ပတ်သက်၍ အငြင်းအခုံပြုရာတွင် အရေးပါသည့်နေရာဖြစ်သည်။** စစ်ကောင်စီသည် ဆိုရှယ်မီဒီယာကို ကန့်သတ်ရန်ကြိုးပမ်းခဲ့သော်လည်း အာဏာသိမ်းဆန့်ကျင်ရေး လှုပ်ရှားသူများကမူ ဆက်လက်သုံးစွဲခဲ့ကြသည်။ ဆိုရှယ်မီဒီယာနှင့်ပတ်သက်၍ လုံခြုံရေးအရ စိုးရိမ်ပူပန်မှုများရှိသော်လည်း ၎င်းမှာ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုများထက် ပိုမိုလုံခြုံမှုရှိသည်။ ဆိုရှယ်မီဒီယာသည် ပေးပို့လိုသည့် သတင်းစကားကို လူအများထံသို့ ရောက်ရှိအောင်ပေးပို့ပေးနိုင်သဖြင့် ကေန်ပင် ပို၍ အကျိုးဖြစ်ထွန်းမှုရှိသည်။ ဖေ့စ်ဘွတ်ခ်၏ မှတ်ချက်ပြုရာနေရာတွင် စုံလင်ကွဲပြားသည့် အမြင်များကို အကြံပြု ဖော်ပြနိုင်လေရာ ပို၍ပင် ဒီမိုကရေစီ ဆန်လျက်ရှိသည်။

၂။ **ပြောဆိုဆွေးနွေးမှုများမှာ ရောက်တတ်ရာရာဖြစ်နေသော်လည်း အဖိုးတန်လှသည်။** အာဏာသိမ်းမှုသည် ပိုမိုကျယ်ပြန့်သော သဘောထားအမြင်များကို ခွင့်ပြုပေးခဲ့သည်။ ထိရှလွယ်သည့် အကူးအပြောင်းကာလကို ထိခိုက်မည်ဆိုးသောကြောင့် အမြင်များ ထုတ်ဖော်ပြောကြားခြင်းမပြုရန် မည်သူတစ်ဦးတစ်ယောက်ကမျှ မတားဆီးထားနိုင်ပါ။ သို့ဖြစ်ရာ ဗမာတို့မှာ စစ်တပ်ကဲ့သို့ အနိုင်ကျင့် ဗိုလ်ကျ လွှမ်းမိုးသူများဖြစ်နေခြင်းကြောင့် အလုံးစုံခွဲထွက်ခြင်းသည်သာလျှင် တစ်ခုတည်းသော ရွေးချယ်မှု ဖြစ်သည် ဟူသည့် အစွန်းရောက်အယူဝါဒများကို စွဲကိုင်ထားသူများ အပါအဝင် အတွေးအမြင်အယူအဆ အမျိုးအပြား ပေါ်ထွက်လာခဲ့သည်။ သို့သော် အခြားပုဂ္ဂိုလ်များသည် အွန်လိုင်းပလက်ဖောင်းကို ၎င်းတို့နှင့် ကွဲပြားသည့် ရှုထောင့်များအား လေ့လာရန်အတွက် အသုံးပြုခဲ့ကြသည်။ ပါဝင်ဖြေဆိုသူများက ထိုကဲ့သို့ မည်သူမဆို ဝင်ရောက် ပါဝင်ဆွေးနွေးနိုင်သည့် အချေအတင်ငြင်းခုံပြောဆိုမှုများကို လေ့လာခြင်းအားဖြင့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း မှတ်ချက်ပေးကြသည်။

၃။ **အဓိက အမြင်ကွဲပြားမှု ၅ ရပ် တွေ့ရှိခဲ့သည်။**

၁) <u>နည်းဗျူဟာပိုင်းဆိုင်ရာ</u> - လက်နက်ကိုင်နည်းလမ်းဖြင့်တော်လှန်ရန် သင့်မသင့်၊ ခိုင်မာသည့် အမိန့်ပေးထိန်းချုပ်မှုဖွဲ့စည်းပုံ ထားရှိရန် သင့်မသင့် စသည်

၂) <u>ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အငြင်းအခုံများ</u> - လူအချို့က စစ်ကောင်စီကို အမြစ်ဖြုတ်ချေမှုန်းရာတွင် တော်လှန်ရေးကို "ရရာနည်းလမ်း" ဖြင့်သုံးရမည်ဟု ယုံကြည်ကြသည်။ အခြားသူတို့မှာမူ ကိုယ်ကျင့်တရားနှင့်လျော်ညီကာ မဟာဗျူဟာမြောက် တော်လှန်ရေးတစ်ရပ် ဖြစ်သင့်ကြောင်း ငြင်းဆို တိုက်တွန်းကြသည်။

၃) <u>မျိုးဆက်အရ ကွဲပြားမှုသည် လူတန်းစားကွဲပြားမှုအား ဖုံးကွယ်လျက်ရှိ</u> - "Gen Z" များမှာ များစွာ အာရုံစိုက်ခံရသော်လည်း ပိုမိုနီးကပ်သည့်ဆန်းစစ်သုံးသပ်မှုအရ လူလတ်တန်းစား ဖြစ်တည်မှုအပေါ်မူတည်ပြီး "Gen Z"လူငယ်များအဖြစ် ပိုမိုလွယ်ကူစွာ ကိုယ်စားပြုဖော်ပြခံရနိုင်ရကြောင်း သိရသည်။

၄) <u>လူမှုလိင် (ဂျန်ဒါ) ကွဲပြားမှုကို အလေးပေးပြောကြားခဲ့</u> - စစ်တပ်ကဲ့သို့ အမြင်သဘောထားကို ဖြစ်ပေါ်စေမည့် အရင်းခံစံတန်ဖိုးများ ပပျောက်စေရန် တော်လှန်ရေးအတွင်း ဖိုပဓာနဝါဒအား ထုတ်ဖော်ပြောကြား ဝေဖန်ရမည်ဖြစ်ကြောင်း ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်များက အလေးပေးပြောကြားခဲ့သည်။

၅) လူမျိုး၊ မျိုးနွယ်စု နှင့် ဘာသာရေး -

- “ဗမာလူမျိုးကြီးဝါဒ” ၊ Burmanization အပါအဝင် အခြား စကားရပ်များသည် ဆွေးနွေးပြောဆိုသည့် အကြောင်းအရာများအပေါ် လွှမ်းမိုးခဲ့သည်။ အဆိုပါစကားရပ်များမှာ အဓိပ္ပါယ် ဝေဝါးလျက်ရှိပြီး မတူညီသည့် အုပ်စုဝင်များအတွက် မတူညီသည့် အနက်အဓိပ္ပါယ်ကို ဆောင်လျက်ရှိသည်။
- ခွဲခြားဆက်ဆံမှုများကို ရည်ညွှန်းဖော်ထုတ်ဝေဖန်မှု မမြင်တွေ့ရပါက ဗမာမဟုတ်သည့် လူမျိုးစုတိုင်းရင်းသားများသည် တော်လှန်ရေး၌ ပါဝင်ရန် ဒွိဟဖြစ်စေသည်။
- လူမျိုးကြီးဝါဒသည် ဗမာများထံကသာ လာခြင်းမဟုတ် - (ကချင်၊ ရှမ်း စသည်ဖြင့်) “ဒေသတွင်းလွှမ်းမိုးလျက်ရှိသည့် လူနည်းစုဝင်များ” မှာလည်း အခြားသော လူနည်းစုဝင်များ အပေါ် ခွဲခြားဆက်ဆံသည်ဟု စွပ်စွဲခြင်းခံရသည်။
- အသားအရောင်ခွဲခြားမှု/ ဘာသာရေးအမုန်းပွားမှုအတွက် ခံစားရသူများကမူ ၎င်းမှာ စံသတ်မှတ်ထားသည့် လူမျိုးကြီးဝါဒနှင့် မတူကြောင်း၊ ပိုမိုဆိုးရွားနိုင်ကြောင်း ပြောကြားခဲ့သည်။

ဒီမိုကရေစီလှုပ်ရှားမှုအတွင်းမှ ခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများ၊ မြေပြင်ရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များအတွက် ရည်ရွယ်၍ အောက်ပါအကြံပြုချက်များကို ဖော်ပြထားပါသည်။ ၎င်းတို့သည် Burmanization နှင့်ပတ်သတ်ဆက်နွယ်လျက်ရှိသည့် အရေးကိစ္စများနှင့် ယခုကာလအတွင်း ရရှိသည့် အခွင့်အလမ်းတို့ကို အဓိကထားကာ ဆွေးနွေးမှုများ၏ သဘောသဘာဝကို ပိုမိုကောင်းမွန်လာစေခြင်းဖြင့် လတ်တလော ဖြစ်ပေါ်နေသည့် အက်ကြောင်းများကို ညွှန်ပြထားပါသည်။ တင်ပြထားသော ကိစ္စရပ်များ ရှုပ်ထွေးလျက်ရှိကြောင်း မိမိတို့ အသိအမှတ်ပြုထားပြီးဖြစ်ရာ အောက်ပါအကြံပြုချက်များကို အခြားသူတို့ အစပြုဆွေးနွေးရန်နှင့် အငြင်းအခုံပြုရန်အတွက် စ မှတ်များဖြစ်လာစေရန် ရည်ရွယ်ပါသည်။

## ဒီမိုကရေစီအရေးလှုပ်ရှားနေသည့် ခေါင်းဆောင်များအတွက် အကြံပြုချက်များ

- **ရှင်းလင်းပြတ်သားသည့် မျှော်မှန်းချက်များ ချမှတ်ပါ** - တော်လှန်ရေးထဲတွင် ပါဝင်လိုစိတ် ကျဆင်းနေသူများကို ဆွဲဆောင်ရန်ရည်ရွယ်၍ (စစ်ကောင်စီကို တွန်းလှန်ဖယ်ရှားမှုအပြီး) နိုင်ငံအတွင်းမြင်တွေ့လိုသည့် အပြောင်းအလဲများအတွက် အပြုသဘောဆောင်သည့် မျှော် မှန်းချက်များ ထားရှိပါ။
- **စုံလင်ကွဲပြားသည့် အမြင်များနှင့် ဖြတ်သန်းမှုအတွေ့အကြုံများကို အသိအမှတ်ပြုပါ** - အခြေခံအားဖြင့် လက်ရှိ အခင်းအကျင်းတွင် ပါဝင်ကြသူများအားလုံးမှာ များပြားစုံလင်လှသည့် ကွဲပြားမှုများနှင့် အဆိုပါ ကွဲပြားမှုများအပေါ်အခြေခံသည့် မတူညီသည့် အမြင်ရှုထောင့်များ တည်ရှိနေမှုကို သိရှိကြသည်။ စိန်ခေါ်မှုပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံတွင် မတူကွဲပြားမှု များစွာရှိကာ အာဏာရှင်စနစ်ကြောင့် သမိုင်းတစ်လျှောက် ကာလရှည်ကြာစွာ ထိခိုက်ခံစားခဲ့ရသည့် နိုင်ငံတစ်နိုင်ငံဖြစ်လေရာ ထိုအနေအထားမှ ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်ချေ။ အကူးအပြောင်းကာလတွင် စစ်တပ်နှင့် ပတ်သက်ပြီး အလွန်အမင်း ထိလွယ်ရှလွယ်ဖြစ်မှုသည် လက်ခံဆွေးနွေးနိုင်သည့် ဇာတ်ကြောင်းနယ်ပယ်များအပေါ် စိုးမိုးထားခဲ့သည်ဖြစ်ရာ ယခုအချိန်ထိ အဆိုပါ အရေးကိစ္စများကို လုံလောက်စွာ ထောက်ပြဝေဖန်ရန် အဟန့်အတားဖြစ်လျက်ရှိသည်။
- **ပြောဆိုဆွေးနွေးမှုများနှင့် သဘောမတူညီမှုများကို ဖိနှိပ်ခြင်းမပြုပါနှင့်။ ၎င်းတို့သည် ခက်ခဲနက်နဲသည့် အရေးကိစ္စများဖြစ်ရာ ပြေလည်အောင်ဖြေရှင်းရန်အတွက် နေရာတစ်ခုလိုအပ်ပေသည်။** - နိုင်ငံတစ်ခု

တည်ဆောက်ခြင်းသည် မည်သည့် အခါကမှ မလွယ်ကူခဲ့ပါ။ သဘောထားကွဲလွဲမှုသည် ဒီမိုကရေစီစနစ်အတွက် အရေးကြီးလျက်ရှိသည်။ စင်စစ်အားဖြင့် အချေအတင်ငြင်းခုံမှုများကို အားပေးခြင်းသည် ဒီမိုကရေစီလှုပ်ရှားမှုအတွင်း အရေးပါသည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်ပြီး စစ်ကောင်စီနှင့် ကွဲပြားလျက်ရှိသည်။ စစ်တပ်သည် ဆန့်ကျင်ကွဲလွဲမှုများကို နှုတ်ပိတ်ပြီး ဖယ်ရှားသည့် နည်းမျိုး ကျင့်သုံးခဲ့သည်။ ယခုလှုပ်ရှားမှုမှာမူ အသစ်ဖြစ်ပေါ်လာသည့် ပွင့်လင်းမြင်သာမှုနှင့် စကားလမ်းကြောင်းများ ဖြစ်လာစေရန်အတွက် နေရာဖန်တီးပေးမှုကို ကိုယ်စားပြုလျက်ရှိသည်။

- **တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်းသည် ဒီမိုကရေစီနည်းကျ ပြောဆိုဆွေးနွေးမှုများကို အပြုသဘောဆောင်စွာ တည့်မတ်ပေးနိုင်သည်။** - အွန်လိုင်းပေါ်ရှိ ပြောဆိုဆွေးနွေးမှုများမှာ အချည်းအနှီးဖြစ်သွားခြင်းမရှိဘဲ အရေးကိစ္စများနှင့်စပ်လျဉ်း၍ နားလည်မှုနှင့် အခြေအနေ တိုးတက်ကောင်းမွန်စေမှုကို ရရှိနိုင်မည်ဖြစ်သည်။ "အနှောက်အယှက်ပေးသည့်အကောင့်များ" (သို့မဟုတ်) "အကျယ်လောင်ဆုံးအသံများ" က အဆိုပါနေရာများကို အပိုင်စီးရယူကာ ကမောက်ကမဖြစ်အောင် ပြုလုပ်နိုင်သော်လည်း ခေါင်းဆောင်ပိုင်းပုဂ္ဂိုလ်များက ပြောဆိုဆွေးနွေးမှုများ တည့်မတ်စေရန် လမ်းကြောင်းထိန်းပေးနိုင်သည်။ ခေါင်းဆောင်တို့သည် အခြားပုဂ္ဂိုလ်များကို နိုင်ငံကြီးသားဆန်သည့် စကားအသုံးအနှုန်းများ သုံးစွဲရန်နှင့် ရည်ရွယ်ချက်ကောင်းများထားရှိရန် အစရှိသည့် စံတန်ဖိုးများကို လိုက်နာစေခြင်းဖြင့်လည်းကောင်း၊ မတူကွဲပြားမှုများကို လေးစားသမှုရှိရန် တွန်းအားပေးခြင်းဖြင့်လည်းကောင်း လုပ်ဆောင်ပေးနိုင်ပါသည်။ ခေါင်းဆောင်များက ရှေ့ဆောင်လမ်းပြအနေနှင့် မှန်ကန်စွာ ပြုမူပြောဆိုဆက်ဆံခြင်းအားဖြင့် အကျိုးသက်ရောက်မှု ကြီးကြီးမားမားရှိလိမ့်မည်ဖြစ်သည်။
- **"Gen Z" များအကြောင်းသာ ဦးစားပေးပြောဆိုမှုကို အညာသားများကဲ့သို့ အခြားသော ရှန်းကန်တိုက်ပွဲဝင်လျက်ရှိကြသူများအကြောင်း ပြောဆိုမှုများနှင့် အစားထိုးပါ** - "Gen Z" ဇာတ်ကြောင်းများထဲက လူလတ်တန်းစားလူငယ်များ၏ အခန်းကဏ္ဍအကြောင်း လိုသည်ထက်ပို၍ အမွှန်းတင်ပြောဆိုခြင်းကို မျှတမှုရှိစေရန် NUG အနေနှင့် အညာသားတော်လှန်ရေးကိုလည်း အလားတူဦးစားပေးဖော်ပြခြင်းမျိုး တန်ပြန်လုပ်ဆောင်သင့်ပေသည်။
- **လူမှုလိင် (ဂျဲန်ဒါ)အရ ခွဲခြားမှုများရှိနေခြင်းကို နားလည်ပါ** - ဖိုပဓါနဝါဒသည် အခြားသော ပြဿနာများအား မည်ကဲ့သို့ လွှမ်းမိုးလျက်ရှိကြောင်း အသိအမှတ်ပြုခြင်းသည် အဆိုပါပြဿနာများကို ပိုမိုနားလည်စေရန်အတွက် အထောက်အပံ့ ဖြစ်စေပါသည်။အထူးသဖြင့် အမျိုးသမီးများအပါအဝင် အဆိုပါအရေးကိစ္စများနှင့် သက်ဆိုင်သူများ ပါဝင်လာစေရန် စုစည်းပေးနိုင်လိမ့်မည်ဖြစ်သည်။
- **"Burmanization" (နှင့် အခြားဆက်စပ်သည့် စကားရပ်များ) ကို အသိအမှတ်ပြုပြီး စဉ်းစားသုံးသပ်ထောက်ပြဝေဖန်ပါ -**
  - <u>ဝေါဟာရပိုင်းဆိုင်ရာ အဓိပ္ပါယ်ဝေဝါးမှုကို အသိအမှတ်ပြုပါ</u> - "Burmanization" နှင့် အခြားသော လူမျိုးရေး ခွဲခြားမှုနှင့် ပတ်သက်ပြီး ဖော်ပြလျက်ရှိသည့် ဝေါဟာရနည်းလမ်းများအကြား ရှုပ်ထွေးဝေဝါးခြင်းမှ အချင်းချင်းအကြား ပြောလိုသည့်အရာနှင့် ဆိုလိုသည့်အရာများ လွဲမှားလျက်ရှိနေသည်ဟု ဆိုလိုသည်။ သုံးစွဲလျက်ရှိသည့် စကားလုံးများမှာ လူမျိုး/ဘာသာ/မျိုးနွယ်စုအလိုက် ပြည်တွင်းနေဘဝများအပေါ် မည်သို့ အကျိုးသက်ရောက်လျက်ရှိပုံကို စပ်လျဉ်းစဉ်းစားသည့်အခါ ထင်မြင်ယူဆချက်များ မကိုက်ညီနိုင်တာမျိုး ရှိနိုင်သည်။
  - <u>ဝေါဟာရများကို ရှင်းလင်းပါ</u> - အဆိုပါ စကားရပ်များကို သုံးစွဲစဉ် ပြောဆိုသူများက နားထောင်သူများကို မိမိတို့ မည်သည့် အဓိပ္ပါယ်ဖြင့်သုံးစွဲလျက်ရှိကြောင်း တိကျသည့် ဥပမာများပေးပါ။

○ <u>လွယ်ကူသော ပြင်ဆင်မှုများဖြင့် အမှတ်သညာသင်္ကေတများနှင့် သက်ဆိုင်သည့် စောဒကတက်မှုများကို ကိုင်တွယ်ဖြေရှင်းပါ</u> -

- အဆောက်အအုံများ (တံတားများ)နှင့် ရုပ်တုများထားရှိခြင်းနှင့်စပ်လျဉ်း၍ အတိတ်က ချမှတ်ခဲ့သည့် မူဝါဒများအား ပြန်လည်သုံးသပ်ပါ။ (ဗမာမဟုတ်သည့် လူမျိုးစုတိုင်းရင်းသားများ နေထိုင်သည့်နေရာများတွင် ဗမာသူရဲကောင်းရုပ်ထုများ ထားရှိခြင်းကို ရှောင်ကြဉ်ပါ)
- NUG အစိုးရအတွင်း စုံလင်ကွဲပြားမှုကို မြှင့်တင်ပေးသည့် အလေ့အထကောင်းများ ဆက်လက်ထားရှိပါ။
- သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် လိုအပ်လျက်ရှိပြီး၊ ထိုသို့ ပြုလုပ်ရန် ဖြစ်နိုင်ကြောင်း နည်းလမ်းရှာဖွေ ဖော်ထုတ်ကာ ၎င်းကို ချက်ချင်းစတင် စီမံအကောင်အထည်ဖော်ပါ။

○ <u>ဝန်ချတောင်းပန်မှုများပြုရန် လိုအပ်သော်လည်း ၎င်းတို့မှာ မလုံလောက်နိုင်သေးကြောင်း အသိအမှတ်ပြုပါ</u> - ပူးပေါင်းဆောင်ရွက်မှုကို ဆက်ထိန်းသိမ်းထားရန်အတွက် တိုင်းရင်းသားတို့၏ အကျိုးစီးပွားကို မြှင့်တင်ပေးရမည် ဖြစ်သည်။ (ဗမာများအတွက် ကာလတိုဆုံးရှုံးမှုလည်း ပေါ်ပေါက်လာနိုင်သည်) အစောပိုင်းတွင် အပြုသဘောဆောင်သည့် ဥပမာတစ်ခုမှာ NUG နှင့် NUCC အတွင်း တိုင်းရင်းသားများကိုယ်စားပြုပါဝင်မှု ပိုမိုရရှိလာခြင်းဖြစ်သည်။ ထိုသို့သော ခြေလှမ်းများမှတဆင့် ယုံကြည်မှု တည်ဆောက်ပေးနိုင်သော်လည်း အာဏာနှင့် အရင်းအမြစ်များ ခွဲဝေပေးခြင်းမရှိပါက အပေါ်ယံ အတုအယောင်များအဖြစ် စွန့်ပယ်ခြင်းခံရမည့် အရေးနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

○ <u>ထို့ကြောင့် "ဖက်ဒရယ်စနစ်" သည် မဲဆန္ဒနယ်အသီးသီးအတွက် မည်သည့်အရာများ လုပ်ဆောင်ပေးမည်နှင့် အာမခံချက်ပေးမည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြရမည်ဖြစ်သည်။</u> - အသေးစိတ် မူဝါဒများတွင် သယံဇာတခွဲဝေရရှိမှုကို ပြန်လည်ပြင်ဆင်ခြင်း၊ ဘဏ္ဍာငွေမျှဝေခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း နှင့် နိုင်ငံတော် အင်စတီကျူးရှင်းဆိုင်ရာ ယဉ်ကျေးမှုကို ပြန်လည်တည်ဆောက်ခြင်း (သမိုင်းဇာတ်ကြောင်းများ၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ပြတိုက်များ၊ အမည်ပေးခြင်းဆိုင်ရာ အလေ့အကျင့်များ၊ ရုပ်တုများ) တို့ပါဝင်နိုင်သည်။

○ <u>ဒေသတွင်းရှိ ဖိနှိပ်မှုများမှာ ကျန်ရှိနေနိုင်သေးသည် (သို့မဟုတ်) မြင့်တက်သွားလိမ့်မည် ဖြစ်သောကြောင့် "Burmanization" ကို ကိုင်တွယ်ဖြေရှင်းခြင်း တစ်ခုတည်းဖြင့် တိုင်းရင်းသားဒေသများတွင် နေထိုင်လျက်ရှိသော လူနည်းစု ဘာသာဝင်များ (သို့မဟုတ်) "နှစ်ထပ်ကွမ်း လူနည်းစုဝင်များ" ၏ ဘဝများကို ပြောင်းလဲမြှင့်တင်ပေးလိမ့်မည် မဟုတ်ပါ။</u>

○ <u>လူတန်းစား ဖိနှိပ်မှုကို ဖော်ပြခြင်းမရှိဘဲ Burmanization ကို ထောက်ပြဝေဖန်ခြင်းသည် ဆင်းရဲမွဲတေမှုနှင့် လူတန်းစားခွဲခြားမှုကို ခံနေရသည့် အခွင့်ထူး မခံစားရသူများ ဖြစ်သော၊ သာမန်လူတန်းစား ဗမာများ၏ ပြစ်တင်ဝေဖန်ခြင်းခံရမည့်အရေးနှင့် ကြုံရနိုင်သည်ကို သိရှိနားလည်ပါ။</u> တန်းတူညီမျှခြင်းကို မြှင့်တင်ပေးသည့် ပြောဆိုမှုများသည် ဗမာများအတွက် အခြေအနေဆိုးရွားလာလိမ့်မည်ဟူ၍ အဓိပ္ပါယ်သက်ရောက်မှု မရှိသင့်ကြောင်းနှင့် မတူညီသည့် လူမျိုးစုများအကြား မုန်းတီးမှု လျှော့ပါးစေခြင်းဖြင့် နေ့စဉ်ဘဝ တိုးတက်စေနိုင်သည် ဟူသည့် သတင်းစကား ပါးပါ။

○ <u>မျိုးချစ်များကို ထောက်ပြဝေဖန်ပါ။ သို့သော် အချို့မှာ ဖျောင်းဖျ၍ ရနိုင်လိမ့်မည် မဟုတ်ကြောင်းကို သိရှိနားလည်ပါ။</u> - အထူးသဖြင့် ဗမာလူမျိုး NUG ခေါင်းဆောင်များအနေနှင့် (က) ဗမာ

အများအပြားက နိုင်ငံရေးတွင် တစ်ဖက်သတ် အသာစီးရလိုသည့် သဘောသဘာဝ စွန့်လွှတ်နိုင်ခြင်းမရှိသည်ကို နားလည်သိရှိရန် လိုအပ်သည်။ (ခ) ဗမာလူမျိုးများသည် ဗြိတိသျှတို့၏ နယ်ချဲ့သိမ်းပိုက်ခြင်းအား မုန်းတီးသကဲ့သို့ တိုင်းရင်းသားများကလည်း ဗမာများ အုပ်ချုပ်ခြင်းအား အလားတူ ရှုမြင်ကြလျက်ရှိမည်ဟု ထောက်ပြရှင်းလင်းပြောကြားကာ မိမိတို့မှာ လူမျိုးရေးအရ သာလွန်နေသည်ဟု ယုံကြည်နေသူများကို ၎င်းတို့ လက်ခံထားသော အယူအဆမှားများ စွန့်လွှတ်ရန်အလို့ငှာ NUG ခေါင်းဆောင်များက ဖျောင်းဖျရန် ကြိုးစားသင့်သည်။

## တက်ကြွလှုပ်ရှားသူများနှင့် မြေပြင် အရပ်ဘက်လူမှုအသိုက်အဝန်းအတွက် အကြံပြုချက်များ

- **ဖိအားများအားအသုံးချပါ** - အရပ်ဘက် လူမှုအသိုက်အဝန်းသည် အခြေအနေအကြောင်းအရာများကို ရှေ့သို့ရောက်အောင် တွန်းပို့ရန်နှင့် ခေါင်းဆောင်ပိုင်းကို ဖိအားပေးရန်အတွက် သူတို့၏ အခန်းကဏ္ဍမှာ အရေးပါကြောင်း သဘောပေါက်နားလည်ပါ။ ၎င်းတို့သည် လူလတ်တန်းစားနှင့် အထက်လွှာ ဆန်သော ဇာတ်ကြောင်းများကို ထောက်ခံမှုများအား ထိုဇာတ်ကြောင်းများကို ကိုယ်ပိုင်အတွေ့အကြုံများဖြင့် ပြန်လည် စိန်ခေါ်စေနိုင်သည့် လမ်းကြောင်းများဖြင့် ထိန်းညှိပေးရမည်။ ဥပမာ - ၎င်းတို့သည် “Burmanization” (သို့မဟုတ် ဆက်စပ်ဝေါဟာရများ)မှာ မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သူ့အတွက်၊ မည်သည့်အကျိုးသက်ရောက်မှုများဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ပြတ်သားစွာ ရှင်းလင်းနားလည်လာစေရန် လမ်းကြောင်းဖွင့်ပေးခြင်းမျိုး ဖြစ်သည်။
- **ပြောဆိုဆွေးနွေးမှုများကို ညှိနှိုင်းအကောင်အထည်ဖော်ပါ** - အရပ်ဘက် လူမှုအသိုက်အဝန်းသည် ယခုဖြစ်စဉ်တွင် ပြောဆိုဆွေးနွေးမှုများအကြားတွင် ညှိနှိုင်းဆောင်ရွက်သူများအဖြစ် ဆောင်ရွက်ရန် အလားအလာအရှိဆုံးသူများအနေဖြင့် ပါဝင်လျက်ရှိသည်ကို သဘောပေါက်နားလည်ပါ။ ၎င်းတို့သည် လူ့အဖွဲ့အစည်း၏ အမြင်များကို စုစည်းဖော်ပြသူများနှင့် ပိုင်းခြားသုံးသပ်သူများဖြစ်ကြကာ အဆိုပါ ဒေသတွင်းသတင်းအချက်အလက်များကို အခြားအုပ်စုများထံသို့ ပေးပို့နိုင်ချေရှိသည့် လမ်းကြောင်းများ ဖြစ်ကြသည်။ အရပ်ဘက် လူမှုအသိုက်အဝန်းကို မျှတကာ ဘက်လိုက်မှုကင်းသည်ဟု ပိုမိုရှုမြင်လက်ခံမှသာ ၎င်းတို့သည် ဆွေးနွေးပြောဆိုမှုများနှင့် အချေအတင်ငြင်းခုံမှုများရှိသည့် ရပ်ဝန်းကို ပုံဖော်ဖန်တီးရာတွင် ပိုမို ဩဇာလွှမ်းမိုးနိုင်လိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် ဆွေးနွေးငြင်းခုံလျက်ရှိသည့် အကြောင်းအရာနှင့်မဆိုင်ဘဲ ပုဂ္ဂိုလ်ရေးအရတိုက်ခိုက်မှုများကို ဟန့်တားရှုတ်ချကာ နိုင်ငံကြီးသားဆန်၍ ယဉ်ကျေးသိမ်မွေ့သည့် အမူအကျင့်များဖြင့် တိုးမြှင့်ပေးနိုင်သည်။
- **ဖြစ်ပေါ်ရရှိလာမည့် အကျိုးဆက်များကို ရည်ညွှန်းဖော်ပြခြင်းအားဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ အယူအဆကွဲပြားမှုများအား ဝေဖန်ထောက်ပြပါ။** - ဝေဖန်သုံးသပ်သူများမှာ အာဏာလေဟာနယ်တွင် ကိုယ်ကျင့်တရားများနှင့် ကျင့်ဝတ်များမရှိကြောင်း သဘောပေါက်နားလည်သင့်သည်။ ဆိုလိုသည်မှာ ထိခိုက်လွယ်သည့် အခြေအနေကို ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ရခြင်းနှင့် မြေပြင်အခြေအနေကို လက်တွေ့ဆန်းစစ်နိုင်ခြင်း မရှိဘဲ အဝေးတစ်နေရာမှ ရှုတ်ချရန်မှာ လွယ်ကူလွန်းလှသည်။ ထိုကဲ့သို့သော အကန့်အသတ်များကို သိရှိနားလည်လျက် အရေးတော်ပုံတွင် စာရိတ္တပျက်ယွင်း၍ ရက်စက်ကြမ်းကြုတ်သည့် စစ်ကောင်စီနှင့် အလားတူသည့် နည်းဗျူဟာများ အသုံးပြုနေသည်ဟု ရှုမြင်ခံရနိုင်သည့် အန္တရာယ်များကို ထောက်ပြပြောဆိုနိုင်သည်။

## နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များအတွက် အကြံပြုချက်များ

- **ပြည်တွင်း စကားဝိုင်းများနှင့် ဆွေးနွေးပွဲများကို မည်ကဲ့သို့ နည်းလမ်းထွင် ဖန်တီးပေး၊ အထောက်အကူပေးနိုင်မည်ကို စဉ်းစားပါ** - ဖွံ့ဖြိုးရေး မိတ်ဖက်များအနေနှင့် အကြောင်းခြင်းရာ ကိစ္စရပ်များ ဖြေရှင်း

လုပ်ဆောင်ရာတွင် မတူညီသောနည်းလမ်းများကို အသုံးပြုနိုင်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုက်ရိုက်လုပ်ဆောင်ခြင်းအပြင် ဥပမာ- ပြည်တွင်းနေသူများက ကမကထပြုသည့် ယဉ်ကျေးမှုနှင့်အနုပညာ စီမံကိန်းများ၊ အက်ဆေးပြိုင်ပွဲများ၊ အွန်လိုင်း ပြောဆိုဆွေးနွေးပွဲများ၊ စကားရည်လုပွဲများ၊ ဗီဒီယိုနှင့်ရုပ်ရှင်များကို ကူညီပံ့ပိုးပေးနိုင်သည်။

- **လူလတ်တန်းစားနှင့် အထက်လွှာမဟုတ်သည့် သာမန်ပြည်သူများ၏ အသံကိုနားထောင်ပါ** - နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဗမာ (သို့မဟုတ်) တိုင်းရင်းသားများထံမှ အကြံဥာဏ်များရယူလိုပါက လူလတ်တန်းစားနှင့် အထက်လွှာများ၏ ပြောဆိုမှုကိုသာ မကြာခဏနားထောင်လေ့ရှိသည်။ အဆိုပါ လူလတ်တန်းစားနှင့် အထက်လွှာများမှာ ၎င်းတို့၏ မျိုးနွယ်စု၊ လူမျိုး (သို့မဟုတ်) ဘာသာဝင်များ အားလုံးအတွက်သာ ကိုယ်စားပြုလွှမ်းခြုံသည့် အမြင်များကို ပေးလေ့ရှိသည်။ အဆိုပါ ဆွေးနွေးဖော်၊ ဆွေးနွေးဖက်တို့သည် မလျော်ကန်သည့်အရာများ လုပ်ဆောင်နေခြင်းထက် နိုင်ငံရေးသရုပ်မှန်ဝါဒနှင့် ၎င်းတို့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကြောင့်သာ ဖြစ်သည်။ ၎င်းတို့သည် ဆက်စပ်အရေးကိစ္စများကို သူတို့၏ ကိုယ်ပိုင်အမြင်နှင့် အဖွဲ့အစည်းအတွင်း တာဝန်ယူထားသည့် ရာထူးများအလျောက် ထင်ဟပ်စေမည့် သုံးသပ်ချက်များကိုသာ ပြောကြားရန် ဆန္ဒရှိကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်းက အဆိုပါ တစ်ဖက်စောင်းနင်း ပြောကြားမှုများအစား အခြားသော ကိုယ်စားပြုဖြေကြားနိုင်မည့်သူများ၏ အသံများကို နားထောင်ခြင်းအားဖြင့် မျှတအောင်လုပ်ဆောင်ရမည်။ ၎င်းတို့အနေဖြင့် စုံလင်ကွဲပြားသည့် ပါဝင်သူများထံက အမှန်တရားကို သိရှိရန်အတွက် မတူကွဲပြားမှုများအပေါ် အာရုံစိုက်သင့်သည်။
- **ကိုယ်စားပြုဖော်ပြသည့် အလေ့အထများကို ပြောင်းလဲပါ** - အစီရင်ခံစာများနှင့် မူဝါဒထုတ်ပြန်ကြေညာချက်များတွင် လူတစ်ဦးတစ်ယောက်ကို “ဗမာ”တစ်ဦး၊ “ကချင်”တစ်ဦး၊ “ရိုဟင်ဂျာ”တစ်ဦး စသည်ဖြင့် အလွယ်တကူဖော်ပြ၍ မရနိုင်ပေ။ ၎င်းတို့တွင် လူတန်းစား၊ လူမှုလိင် (ဂျဲန်ဒါ)၊ ဘာသာစကားနှင့် နေရာဒေသတို့နှင့်ပတ်သက်သည့် အချက်အလက်များပါ ပါဝင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအချက်အလက်များသည် လူမျိုးစု အမည်ထက် ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ခံရခြင်းပုံစံတို့ကို ပိုမိုဖော်ပြနိုင်သောကြောင့်ဖြစ်သည်။
- **စိတ်ရှည်သည်းခံပါ** - အမြင်မတူမှုများအကြားနမှ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် အချိန်ယူရမည်ဖြစ်သဖြင့် “ဖြူစင်ရိုးရှင်း”သည့် ဖြစ်ရိုးဖြစ်စဉ်ကို တစ်သတ်မှတ်တည်း လိုက်နာလိမ့်မည်မဟုတ်ပါ။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်အကောင်အထည်ဖော် လုပ်ဆောင်နေသူတို့၏ မိခင်နိုင်ငံများဆီက နိုင်ငံတည်ဆောက်ရေးနှင့် သမိုင်းကြောင်းအရ ဖြတ်သန်းမှုအပေါ်ကိုသာ တည်မှီနေပါက လက်တွေ့မကျသည့် မျှော်လင့်ချက်များသာ ထားရှိနိုင်သည့်နည်းတူနှင့် ရလဒ်မှာလည်း ဆန့်ကျင်ဘက်သာ ဖြစ်နေလိမ့်မည်။

မြန်မာနိုင်ငံရှိ လူမျိုး/ဘာသာပေါင်းစုံ အသိုက်အဝန်းနှင့်သက်ဆိုင်သည့် အကြောင်းအရာများ ဆွေးနွေးသည့်အခါ အထူးသဖြင့် မိမိတို့ကိုယ်တိုင် ပြောခွင့်ရခြင်းထက် အခြားသူများက မိမိတို့အတွက် ကိုယ်စားပြုနေမှုများ ရှိတတ်သဖြင့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့က အခြေခံလူတန်းစား မြန်မာနိုင်ငံသားများအလိုက် စုံလင်ကွဲပြားနေသော အယူအဆများနှင့် အမြင်ရှုထောင့်များကို အသိအမှတ်ပြုရန်မှာ အလွန်အရေးပါကြောင်း ထပ်လောင်းပြောဆိုရင်း ဤအစီရင်ခံစာကို နိဂုံးချုပ်ပါသည်။ ယခုအစီရင်ခံမှတဆင့် မြန်မာပြည်၏ အနာဂတ်အရေးနှင့်စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်စွာ ပြောဆိုဆွေးနွေးနိုင်စေလိမ့်မည်ဖြစ်ပြီး အားလုံးအကျုံးဝင်ပါဝင်သည့် အမျိုးသားရေး လက္ခဏာရပ်တစ်ခုဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်မှုအတွက် အထောက်အပံ့ဖြစ်စေလိမ့်မည် ဖြစ်ပါသည်။

# နောက်ဆက်တွဲ (၁) - အထင်ကရပုဂ္ဂိုလ်များနှင့် ဆိုရှယ်မီဒီယာကို သရုပ်ခွဲလေ့လာသည့် နည်းလမ်းများ

အဆိုပါ နာမည်ကျော်ပုဂ္ဂိုလ်များသည် လွန်ခဲ့သည့် (၁၃) လ ကျော်အတွင်း ပို့စ်ရာပေါင်းများစွာအား တင်ခဲ့ကြသည်ဖြစ်ရာ ပို့စ်တစ်ခုချင်းစီအား သေချာစွာဖတ်ရှုကြည့်ရန်မှာ လက်တွေ့မကျနိုင်ချေ။ သို့ဖြစ်ရာ ပို့စ်များကို မည်ကဲ့သို့ ရွေးချယ်ဖတ်ရှုမည်နည်း။ မိမိတို့အနေဖြင့် "အကြမ်းဖျင်းဖတ်ရှုခြင်း၊ ရွေးချယ်ခြင်း နှင့် စိစစ်ခြင်း" နည်းအား သုံးရန်အကြံပြုသည်။

၁) **အကြမ်းဖျင်းဖတ်ရှုခြင်း** - မည်သည်တို့မှာ ပို့စ်များ၏ အဓိက အကြောင်းအရာများ ဖြစ်သနည်း။ မည်သည်တို့မှာ အဓိကပေးလိုသည့် သတင်းစကားများဖြစ်သနည်း။ မည်သူတို့မှာ အဓိက ဆွေးနွေးငြင်းခုံမှုများဖြစ်သနည်း။ သူ/သူမနှင့် ခွဲခြားသိမြင်နိုင်သော အထင်ကရ ပုဂ္ဂိုလ်သည် မည်သူနည်း။ ထိတွေ့ဆက်ဆံမှုများမှာ စောင့်ကြည့်သူများထံက လာခြင်းဖြစ်ပါသလား။

- ၎င်းကို စောင့်ကြည့်သူ ဦးရေမည်မျှရှိသနည်း?
- ပို့စ်တစ်ခုစီတွင် ပျမ်းမျှအားဖြင့် ကြိုက်နှစ်သက်သူများ/ မျှဝေသူများ မည်မျှရှိသနည်း?

၂) **ရွေးချယ်ခြင်း** - (အတန်အသင့်) "ကြည့်ရှုမှုနှုန်းများသည့်" သီးခြား ပို့စ်များရှိပါသလား။ ဆိုလိုသည်မှာ (၁) အဆိုပါ ပုဂ္ဂိုလ်သည် သာမန်အားဖြင့် ပို့စ်တစ်ခုတွင် ကြိုက်နှစ်သက်မှု၊ မျှဝေမှု၊ သဘောထားမှတ်ချက်ပေးမှုများ ရရှိမှု အရေအတွက် X ရှိသည်ဆိုပါက အဆိုပါ ပို့စ်များတွင် ရရှိမှုနှုန်းမှာ ၃ ဆ သို့မဟုတ် ၄ ဆ ခန့်ရှိပါသလား။ (၂) အဆိုပါ ပို့စ်များတွင် အခြားသော အမြင်မတူသည့် အုပ်စုခွဲများမှ မှတ်ချက်ပေးသူ အများအပြားမှ လာရောက်ဆွေးနွေးခြင်း ရှိပါသလား။ ၎င်းတွင် အချို့သော အနေအထားများသည် တစ်နေရာမှ တစ်နေရာသို့ မည်ကဲ့သို့ လည်ပတ်နေကြသည် (သို့မဟုတ်) လွတ်လပ်စွာ ဖြစ်ပေါ်လျက်ရှိသည်ကို ခွဲခြားသတ်မှတ်ခြင်းလည်းပါဝင်သည်။

၃) **စိစစ်ခြင်း** - ကိုယ်စားပြု ပို့စ် ငါးခုမှ ဆယ်ခုအထိရွေးပါ။ ထို့နောက်အဆိုပါပို့စ်များမှ အထင်ကရ ပုဂ္ဂိုလ်များကို အခြားသူများနှင့် ကွဲပြားစေရန် ဝေဖန်ပြောဆိုထားသည့် ကိုးကားပြောဆိုမှုများ (သို့မဟုတ်) စာပိုဒ်များအား ရွေးပါ။ မှတ်ချက်များမှာ အဓိကပေးလိုသည့် သတင်းစကားကို ထောက်ခံခြင်းဖြစ်စေ၊ ဆန့်ကျင်ခြင်းဖြစ်စေ အားလုံးအား သေချာမှတ်သားထားပါ။ ၎င်းတို့မှာ (အထက်တွင်ဖော်ပြခဲ့သည့် ရွေးချယ်ခြင်းဖြစ်စဉ်မှ) "ကြည့်ရှုမှုနှုန်းများသည့်" ပို့စ်များဖြစ်စရာ မလိုပေ။ သို့သော် အများအားဖြင့် ထူးခြားစွာ/ မှတ်သားဖွယ်ရာ နည်းလမ်းများဖြင့် ဖော်ပြထားသည့် ပို့စ်များဖြစ်သည်။

### ဒေတာများကတဆင့် ကြည့်ရှုသည့်အခါ အသုံးပြုရမည့် ဝေဖန်ပိုင်းခြားခြင်းဆိုင်ရာမေးခွန်းများ

မည်သည်တို့မှာ လွှမ်းမိုးသည့် ပြောဆိုဝေဖန်မှုများ၊ ရပ်တည်ချက်များနှင့် အနေအထားများဖြစ်ကြသနည်း?

၁) ညီညွတ်ရေး၊ ဖက်ဒရယ်စနစ်၊ ဂျဲန်ဒါ၊ လူမျိုးစု၊ ခွဲခြားဆက်ဆံခြင်း/ ဘေးသို့ဖယ်ထုတ်ခြင်း၊ အလိုလိုရရှိသည့် အခွင့်ထူးခံရမှုနှင့် အခြားဖိနှိပ်မှု/ အခွင့်ထူးခံဖြစ်မှုတို့၏ ဆုံချက်တို့ကို မည်သို့နားလည်ထားပါသနည်း?

၂) မည်သူတို့မှာ အဓိက ရည်ရွယ်ပြောကြားလိုသူများ/ ဆန့်ကျင်သူများဖြစ်ကြသနည်း?

၃) သတင်းစကားမှာ လူထောက်ခံမှုနည်း (သို့မဟုတ်) လွှမ်းမိုးပါသလား?

အဆိုပါ ပုဂ္ဂိုလ်မှာ အထင်ကရပုဂ္ဂိုလ် ဖြစ်ပါသလား။ အဘယ်ကြောင့်နည်း။ အရေးပါသည့်အရာ အများအပြား ပေါင်းစည်းကာ ကျွန်ုပ်တို့ အထင်ကရ ပုဂ္ဂိုလ်အဖြစ်သတ်မှတ်ထားသည့် အနုမာနကို အောက်ပါတို့နှင့် မည်သည့်အတိုင်းအတာအထိ ကိုက်ညီကြောင်း သုံးသပ်ခဲ့သည်။

၁) အာဏာဖီဆန်ရေးခေါင်းဆောင်၏ စိတ်အားထက်သန်မှု (အများအားဖြင့် သပိတ်စစ်ကြောင်းများနှင့် လက်နက်ကိုင် တော်လှန်ရေးများအား ဦးဆောင်မှု)

၂) လူထုအကြားရှိ ၎င်း၏ပုံရိပ်နှင့် လူအများက တော်လှန်ရေးတပ်ဦးဟု စတင်ထင်မြင်ယူဆခံရမှု (အဆိုပါ ပုဂ္ဂိုလ်တို့အား ကာတွန်းပုံများ ပန်းချီသရုပ်ဖော်များဖြင့် ဖော်ပြခံရမှုကို ကြည့်ခြင်းဖြင့်သိနိုင်သည်)

၃) အဆိုပါပုဂ္ဂိုလ်က ဆိုရှယ်မီဒီယာ ပလက်ဖောင်းအား အခြားသော ရှုထောင့်များထက် အနည်းငယ် ထူးခြားသည့် (လူအများအပြားထံသို့ ရောက်ရှိအောင် စွဲဆောင်မှုရှိသော အပြောအဆိုများဖြင့်) သီးခြား ချဉ်းကပ်မှုများအား စတင်ပြုလုပ်ရန်အသုံးပြုမှု

၄) အဆိုပါ ရှုထောင့်များ/ ရပ်တည်ချက်များအား အဆိုပါ ထင်ရှားသည့် ပုဂ္ဂိုလ်များနှင့် တွဲဖက် ရှုမြင်လာကြမှု

၅) အဆိုပါ ထင်ရှားသည့် ပုဂ္ဂိုလ်များသည် တော်လှန်ရေး လှုပ်ရှားမှုများ၌သာမဟုတ် တော်လှန်ရေး စိတ်ဓါတ်နိုးကြွစေသည့် ဇာတ်ကြောင်းများ၌ပါ ဦးဆောင်နေသည်ဟု ရှုမြင်လာမှု

[သင်တို့တွင် ထင်ရှားသည့် ပုဂ္ဂိုလ်များဟု သတ်မှတ်ထားသူများသည် အထက်တွင်ဖော်ပြထားသည့် ကျွန်ုပ်တို့၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ပြန်လည်ပြင်ဆင်ရန်လုံလောက်သည့် ကွဲပြားခြားနားသည့် ဖြတ်သန်းမှုမျိုးရှိပါသလား။]

ဆိုရှယ်မီဒီယာပေါ်၌ လွှမ်းမိုးသည့် ပုဂ္ဂိုလ်များသည် ၎င်းတို့၏ ပို့စ်များတွင် အရေးကိစ္စများကို မည်မည်ရရ ပြောဆိုခြင်းမရှိပါ ဟူသည့် အနုမာန ယူဆချက်ကို ဆန်းစစ်ပါ။ ဆိုရှယ်မီဒီယာတွင် အရေးမပါသည့် ကိစ္စများဖြင့် ဖုံးလွှမ်းသွားကာ ပေါ်ပင်အကြောင်းအရာများ၌သာ ပျော်မွေ့နေသူများ များပြားလာပြီး အရေးကိစ္စ အရပ်ရပ်ကိုလေ့လာလိုသူများအတွက် နေရာမရှိတော့ပြီလော။

၎င်းတို့ အချိန်နှင့်အမျှပြောင်းလဲလျက်ရှိသည်ကို ဆန်းစစ်ရန် ဖြစ်နိုင်ပါသလား။ ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ရန် အစွန်း နှစ်ဖက်ရှိသည်ဟူသည့် အနုမာနအား ဆန်းစစ်ပါ။ အဆိုပါ အစွန်း နှစ်ဖက်စလုံးမှာ ရှုထောင့်တစ်ခုကို အဓိပ္ပါယ်ဖောင်ဆောင်နိုင်သော်လည်း အမြင်ကွဲပြားသူများနှင့် အတိုက်အခံဖြစ်ခြင်း/ အငြင်းအခုံဖြစ်ခြင်းများ မပေါ်လောက်လာစေရေးအတွက် စကားအသုံးအနှုန်းအား လျှော့ချထားလျက်ရှိသည်။ လူသိများလာသည့်နှင့်အမျှ ပဋိပက္ခဖြစ်စေမည့် အကြောင်းအရာများအား ပြောဆိုရေးသားခြင်းမပြုတော့ပေ ဟူသည့် ဆက်စပ်လျက်ရှိသည့် အနုမာနကို ဆန်းစစ်ပါ။ (ဥပမာ- အိသင်ဇာမောင် က “UN ignore us” ဟူသည့် စာတမ်းအား ကိုင်ဆောင် ဆန္ဒထုတ်ဖော်ပြသမှုအား အားကောင်းသည့် လှုပ်ရှားမှုတစ်ရပ်အဖြစ်ရှုမြင်နိုင်သည်။ သို့သော် နောက်ပိုင်းတွင် ၎င်းမှာ ပိုမိုလူသိများလာသောကြောင့်သော်လည်းကောင်း (သို့မဟုတ်) NUG ဗျူရိုကရေစီစနစ်တွင် ပူးပေါင်းပါဝင်ခဲ့သောကြောင့်သော်လည်းကောင်း အရေးကိစ္စများနှင့်စပ်လျဉ်း၍ ၎င်း၏ လှုပ်ရှားမှု ရေးသားပြောဆိုမှုများမှာ ယခင်ကလောက် တက်ကြွခြင်းမရှိတော့ချေ။

# နောက်ဆက်တွဲ (၂) - လေ့လာဖတ်ရှုခဲ့သော်လည်း ကိုးကားခြင်းမပြုခဲ့သော ရင်းမြစ်များ


- Cheesman, Nick. "Revolution in Myanmar: Fighting sovereign commandment in the name of popular will," Arena, 8, 2021.
- Irrawaddy, "Myanmar's Revolution Against the Junta Will Definitely Succeed: Interview with Tayzar San," 13-Jan-2022. https://www.irrawaddy.com/in-person/interview/myanmars-revolution-against-the-junta-will-definitely-succeed.html
- Khun Bedu. "Earning Credentials: A Karenni Perspective on the Future of Burma/Myanmar." Transnational Institute. 17 August 2021. https://www.tni.org/en/article/earning-credentials-a-karenni-perspective-on-the-futureof-burmamyanmar
- Mimi Aye. "The 100 Most Influential People of 2021: Esther Ze Naw Bamvo and Ei Thinzar Maung," Time. 15-Sept-2021. https://time.com/collection/100-most-influential-people-2021/6095960/esther-ze-naw-bamvo-ei-thinzar-maung/
- Su Mon Thazin Aung. "Myanmar's Quest for a Federal and Democratic Future: Considerations, Constraints and Compromises," ISEAS Perspectives #28 2022
- Women's League of Burma. "Voices of Female Candidates of the 2020 General Elections," January 2022.
- Ye Myo Hein. "Visions of a Federal Future for Myanmar are Fading Fast," Parts I and II, Irrawaddy. 1-Sept-2021.